# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# တတိယနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်

## (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး ရှိတဲ့အနက် ၃၇၇ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၇.၈၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၈-၁-၂၀၁၃ ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခြင်းနှင့် ခွင့်ပန်ကြားခြင်း အခြေအနေကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ်။ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ ၄၂၉ ဦးအနက် ပျက်ကွက်သူဦးရေစုစုပေါင်း ၅၂ ဦးရှိပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၁ ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ ၄၁ ဦးဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကတော့-

(၁) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၂) ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် ခွင့် ၁ ရက်၊

(၃) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၄) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၁ ရက်၊

(၅) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၆) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၇) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၁ ရက်၊

(၈) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၉) အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့် ခွင့် ၁ ရက်၊

(၁၀) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၁၁) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၁ ရက်၊

(၁၂) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊

(၁၃) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၁၄) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၁ ရက်၊

(၁၅) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၁၆) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၁ ရက်၊

(၁၇) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၁၈) မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၁၉) လွိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၁ ရက်၊

(၂၀) ဖရူဆိုမဲဆန္ဒနယ်မှ ဦးအူးရယ် ခွင့် ၁ ရက်၊

(၂၁) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးသန်းထွန်း ခွင့် ၁ ရက်၊

(၂၂) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၂၃) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်၊

(၂၄) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေးသည် ဇနီးနေမကောင်းပါသဖြင့် ခွင့် ၁၇ ရက်၊

(၂၅) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၂၆) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၁ ရက်၊

(၂၇) ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၂၈) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၁ ရက်၊

(၂၉) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၃၀) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက်၊

(၃၁) တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်စိုးမြင့် ခွင့် ၁ ရက်၊

(၃၂) ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ခွင့် ၁ ရက်၊

(၃၃) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁ ရက်၊

(၃၄) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၁ ရက်၊

(၃၅) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၃၆) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁ ရက်၊

(၃၇) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊

(၃၈) ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ် ခွင့် ၁ ရက်၊

(၃၉) ဆီဆိုင်မဲဆန္ဒနယ် ဦးဝင်းကို ခွင့် ၁ ရက်၊

(၄၀) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်နှင့်

(၄၁) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။

ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၁ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**စေတီပုထိုးများကို ထိန်းသိမ်းစောင့်ရှောက်ပေးနေသည့် ဂေါပကအဖွဲ့၏ သက်တမ်းကာလကို သာသနာရေးဝန်ကြီးဌာနအနေဖြင့် သတ်မှတ်ပေးနိုင်ရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားရသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ မြန်မာနိုင်ငံတော်တစ်ဝန်း တည်ထားကိုးကွယ်လျက်ရှိသော စေတီပုထိုးတော်များအား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ယခင်က အာဏာပိုင်အဖွဲ့အစည်းများက ဂေါပကအဖွဲ့များ ဖွဲ့စည်းလျက် တာဝန်ယူဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ ဖြစ်ပါသည်။ ထိုသို့ဖွဲ့စည်းဆောင်ရွက်နေသည့် ဂေါပကအဖွဲ့များ၏ သက်တမ်းကာလကို ကန့်သတ်မှုမရသည့်အတွက်

ယင်းဂေါပကအဖွဲ့၏ ဆောင်ရွက်မှုများအပေါ် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ယုံကြည်မှုလျော့နည်းလာပါသည်။ ထို့ကြောင့်စေတီပုထိုးများကို ထိန်းသိမ်းစောင့်ရှောက်ပေးနေသည့် ဂေါပကအဖွဲ့၏ သက်တမ်းကာလကို သာသနာရေးဝန်ကြီးဌာနအနေဖြင့် သတ်မှတ်ပေးနိုင်ပါမည်လား။ အကယ်၍ သတ်မှတ်ပေးနိုင်မည်ဆိုပါက ဂေါပကအဖွဲ့၏ သက်တမ်းကို သုံးနှစ်ဖြင့် သတ်မှတ်ပေးနိုင်မည်ကို သိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမောင်မောင်ငွေး(ဒုတိယဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော အထူးဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ စေတီပုထိုးများကို ထိန်းသိမ်းစောင့်ရှောက်ပေးနေသည့် ဂေါပကအဖွဲ့၏ သက်တမ်းကာလကို သာသနာရေးဝန်ကြီးဌာနအနေဖြင့် သတ်မှတ်ပေးနိုင်ပါမည်လား။ အကယ်၍ သတ်မှတ်ပေးနိုင်မည်ဆိုပါက ဂေါပကအဖွဲ့၏သက်တမ်းကို သုံးနှစ်အဖြစ် သတ်မှတ်ပေးနိုင်ပါမည်လား မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာနကိုယ်စား ဖြေကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဒေသအလိုက် ထင်ရှားတဲ့သမိုင်းဝင် တန်ခိုးကြီးစေတီပုထိုးများမှာ ဂေါပကအဖွဲ့စည်းမျဉ်းများကိုရေးဆွဲပြီး တရားမမှုဆိုင်ရာ ဥပဒေအမှတ် (၉၂) ဖြင့် ခိုင်မြဲအောင်ဆောင်ရွက်ပြဋ္ဌာန်းထားရှိကြပါတယ်။ သို့သော်လည်းပဲ ၁၉၈၈ ခုနှစ် အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (၆/၈၈) ပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ ဘာသာသာသနာသက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သော အသင်းအဖွဲ့များအား မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားတဲ့အတွက် ဂေါပကအဖွဲ့များဟာ ဌာနဆိုင်ရာတစ်ခုခု၌ မှတ်ပုံတင်ထားရှိရမယ့် အသင်းမျိုးမဟုတ်ကြောင်း တင်ပြအပ်ပါတယ်။ သမိုင်းဝင်ထင်ရှားတဲ့ စေတီပုထိုးများရဲ့ ဂေါပကအဖွဲ့စည်းမျဉ်းများမှာ ထိန်းသိမ်းစောင့်ရှောက်

ဆောင်ရွက်ရတဲ့ လုပ်ငန်းအနည်းအများအခြေအနေနဲ့ ကိုးကွယ်ဆည်းကပ်မှု ဒေသအခြေအနေတို့အရ ဂေါပကအဖွဲ့ဝင်ကို ၆ ဦး၊ ၉ ဦး၊ ၁၁ ဦး စသဖြင့် ဖွဲ့စည်းကြပြီး ဂေါပကအဖွဲ့ရဲ့ သက်တမ်းကိုလည်း သုံးနှစ်၊ လေးနှစ်၊ ငါးနှစ်စသဖြင့် ဘုရားပုထိုးစေတီတစ်ဆူနှင့် တစ်ဆူဖွဲ့စည်းပုံနှင့် ဂေါပကအဖွဲ့ သက်တမ်းသတ်မှတ်ပုံခြင်း မတူကြကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ သာသနာရေးဝန်ကြီးဌာန အနေဖြင့် ရွှေတိဂုံစေတီတော်၊ ဥပါတသန္တိစေတီ၊ မဟာဝိဇယစေတီ၊ စွယ်တော်မြတ်စေတီ၊ လောက ချမ်းသာအဘယလာဘမုနိဘုရားကြီး၊ ကမ္ဘာအေးစေတီ၊ အိမ်တော်ရာစေတီ(ရန်ကုန်)၊ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး(မန္တလေး)တို့ကဲ့သို့ သာသနာရေးဝန်ကြီးဌာနမှ စည်းမျဉ်းရေးဆွဲပေးထားပြီး ဘုရားဂေါပကအဖွဲ့ကို စည်းမျဉ်းပါအတိုင်း ဂေါပကအဖွဲ့နှင့် ဩဝါဒစရိယအဖွဲ့ ရွေးချယ်ဖွဲ့စည်းမှုတွင် သာသနာရေးဝန်ကြီးဌာန၏ ကြီးကြပ်ဖွဲ့စည်းမှုပါဝင်ပါတယ်။ ထို့ကြောင့်လည်းပဲ အခြားသော ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စေတီပုထိုးများရဲ့ ဂေါပကအဖွဲ့များမှာ သာသနာရေးဝန်ကြီးဌာနမှ တိုက်ရိုက်ကြီးကြပ်ဖွဲ့စည်းခြင်းမရှိဘဲ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးအဖွဲ့တို့၏ အစီအစဉ်ဖြင့် ဆောင်ရွက်ကြပြီးတော့ ၎င်းတို့ရဲ့ ဆောင်ရွက်ဖွဲ့စည်းမှု၊ ကြီးကြပ်ဖွဲ့စည်းထားရှိမှုကို တင်ပြလာလျှင် ဝန်ကြီးဌာနအနေဖြင့် မှတ်တမ်းတင်ခြင်း၊ ဂေါပကအဖွဲ့ဖွဲ့စည်းမှုအတွင်း အငြင်းပွားမှု များ ဖြစ်ပေါ်လာလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးတို့အား တာဝန်ပေး၍ သက်ဆိုင်ရာသံဃာ့နာယကအဖွဲ့များနှင့် အစိုးရအဖွဲ့များသို့ တင်ပြစေကာ ညှိနှိုင်းဆောင်ရွက်စေ လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်တို့မှာရှိတဲ့ စေတီပုထိုးများရဲ့ ဂေါပကအဖွဲ့များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ထံ တင်ပြဖွဲ့စည်း၍ ဂေါပကအဖွဲ့ဝင်ဖြစ်ရန် အရည်အချင်းသတ်မှတ်ချက်နှင့် တာဝန်ဝတ္တရားများကိုလည်း ရေးဆွဲပြဋ္ဌာန်းထားသကဲ့သို့ ဂေါပက အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းနှင့် နုတ်ထွက်ခြင်းဆိုင်ရာ စည်းကမ်းများကိုလည်း ရေးဆွဲထားရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းရှိ သမိုင်းဝင်တန်ခိုးကြီး ဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီပုထိုးများရဲ့ ဂေါပကအဖွဲ့ဝင်များနှင့် ပတ်သက်၍ တာဝန်ထမ်းဆောင်သည့်သက်တမ်း ကြာမြင့်လာသည်နှင့်အမျှ မလိုလားအပ်သော ပြဿနာများ ဖြစ်ပွားခြင်း၊ တိုင်စာ၊ ပစ်စာအမျိုးမျိုးများ ဝန်ကြီးဌာနသို့ ရောက်ရှိလာခြင်းတို့ကြောင့် သာသနာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၀ ခုနှစ်တွင် နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့သို့ တင်ပြ လျှောက်ထားခဲ့ရာ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့မှ ဂေါပကအဖွဲ့ဝင်လူကြီးများ၏ အသက် အရွယ်နှင့် သတ်မှတ်သက်တမ်းတို့ကို အချက်သုံးချက်ဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဒီအချက်

တွေကတော့ (က) ဂေါပကလူကြီး၏အသက်ကို အငယ်ဆုံး ၅၅ နှစ်မှ အကြီးဆုံး ၇၀ နှစ်အထိ ကန့်သတ်ရန်၊ (ခ) အသက် ၇၀နှစ်ကျော်သော်လည်း ကျန်းမာရေးကောင်းမွန်သဖြင့် လုပ်ငန်းတာဝန်ကို ဖိဖိစီးစီးတာဝန်ယူဆောင်ရွက်နိုင်လျှင်လည်းကောင်း၊ ဒေသအာဏာပိုင်အဖွဲ့နှင့် သာသနာရေးဝန်ကြီး ဌာနမှ ခွင့်ပြုလျှင်လည်းကောင်း တစ်နှစ်သက်တမ်းဖြင့်သာ ငါးနှစ်ထက်မပိုစေဘဲ နှစ်စဉ်တာဝန် ခန့်အပ်ပေးရန်၊ (ဂ) အသက် ၇၅ နှစ် ကျော်လွန်သော်လည်း ဆက်လက်ခန့်အပ်လိုပါက ဂေါပကအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဝင်ရောက်စွက်ဖက်မှုမပြုခြင်း၊ ဂေါပကလူကြီးအဖြစ် အထောက်အပံ့နှင့် အခွင့်အရေးမယူလိုကြောင်း ဆန္ဒရှိသူကိုသာ ဂေါပကအဖွဲ့ အကြံပေးအဖြစ် ခန့်ထားပေးရန်တို့ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာဒေသအတွင်းရှိ စေတီ၊ ပုထိုးတော်များအားလုံးရဲ့ ဂေါပကအဖွဲ့ သက်တမ်းသတ်မှတ်ခြင်းနှင့် ပတ်သက်၍ ဒေသအစဉ်အလာ၊ ကိုးကွယ်ဆည်းကပ်မှုနောက်ကြောင်း အခြေအနေများအရ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်သံဃာ့မဟာနာယကအဖွဲ့သို့ လျှောက်ထား တင်ပြ၍ ဆောင်ရွက်ရမည့်ကိစ္စဖြစ်တဲ့အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သံဃာ့မဟာနာယကအဖွဲ့ဆရာတော်ကြီးများထံ လျှောက်ထားပြီး ဆုံးဖြတ် ချမှတ်ပေးသည့်အတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၆၆ နည်းဥပဒေခွဲ(ဃ)အရ ဒုတိယဝန်ကြီးကို ကျွန်တော် ရှင်းလင်းဖို့ မေးမြန်းလိုတဲ့မေးခွန်းကတော့ ဒီနေ့ ယုံကြည်မှုလျော့နည်းလာတဲ့ တိုင်စာတွေ အများကြီး ပေါ့။ နာမည်ကြီးဘုရားကြီးတွေလည်းပါပါတယ်။ ခုနက ဝန်ကြီးပြောတဲ့အတိုင်း။ အဲဒီ ဂေါပကအဖွဲ့ တွေရဲ့ စီးပွားရှာဖောက်ပြန်မှုတွေနှင့် ပတ်သက်လျှင် ဘယ်နည်းဘယ်ပုံ အရေးယူဖို့ ရှိပါသလဲ။ တိုင်တဲ့ လူတွေရဲ့ တိုင်ကြားချက်မှန်ကန်လို့ရှိရင် အဲဒီဂေါပကလူကြီးတွေကို ပြစ်မှုကြောင်းအရ တရားစွဲဆိုနိုင်ဖို့ အတွက် သာသနာရေးဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ စီမံထားတာကို သိလိုပါတယ်။ အဲဒါပါပဲ။ ကျေးဇူးပါပဲ။(သြဘာသံများ)

**ဒေါက်တာမောင်မောင်ဌေး(ဒုတိယဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သာသနာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးမှာရှိတဲ့ ဂေါပကအဖွဲ့များအချင်းချင်း မညီညွတ်မှုကြောင့်

ဖြစ်စေ၊ တစ်စုံတရာပြဿနာဖြစ်ပေါ်မှုကြောင့်ဖြစ်စေ ကျွန်တော်တို့ ဝန်ကြီးဌာနကို တိုင်စာ၊ ပစ်စာများ ရောက်ရှိလျက်ရှိပါတယ်။ အဲဒီလို ဖြစ်ပေါ်လာတဲ့အခါမှာ ဒီတိုင်စာ၊ ပစ်စာသည် အမှန်တကယ် ဟုတ်၊ မဟုတ်ကို ပြည်နယ်တိုင်းဒေသကြီးမှာရှိတဲ့ တိုင်းဒေသကြီးသာသနာရေးမှူးတွေကို ကျွန်တော်တို့ တာဝန်ပေးအပ်စုံစမ်းပြီးမှ ဒီအခြေအနေသည်မှန်ကန်ခဲ့ပြီဆိုခဲ့ရင် သက်ဆိုင်ရာကျွန်တော်တို့ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များနဲ့ ညှိနှိုင်းပြီးတော့မှ ဂေါပကအဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်းလုပ်ငန်းများကို ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ အရေးယူတဲ့ကိစ္စများကိုလည်း သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ကနေ အရေးယူဆောင်ရွက်လျက် ရှိပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ အခု ပြီးခဲ့တဲ့လထဲကပဲ ကျွန်တော်တို့ ဒီကျိုက်ထီးရိုးစေတီတော်မြတ်ကြီးရဲ့ ဂေါပကအဖွဲ့ ပြန်လည်ဖွဲ့စည်းရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကို တိုင်ကြားစာတွေရှိတဲ့အတွက် ပြန်လည်ဆောင်ရွက်ခဲ့ရတာတွေ ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ သာသနာရေးဝန်ကြီးဌာနအနေနဲ့ တိုက်ရိုက်ဆောင်ရွက်ခြင်းမရှိဘဲ သက်ဆိုင်ရာနယ်မြေဒေသမှာရှိတဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရဲ့ စီမံဆောင်ရွက်မှုဖြင့်သာ ကျွန်တော်တို့က လိုက်ပါကူညီဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် စံရွှေးကျေးရွာအုပ်စု စံရွှေးကျေးရွာအား မြစ်မခမြစ်ရေတိုက်စားမှုမှ ကာကွယ်ရန် မြစ်ကြောင်းဖြောင့် တူးဖော်ပေးနိုင်ခြင်းရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ သာယာဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်(ခ) ဦးခင်မောင်ဝင်း(သာယာဝတီမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် (ခ) ဦးခင်မောင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ် စံရွှေးကျေးရွာအုပ်စု စံရွှေးကျေးရွာအား မြစ်မခမြစ်ရေတိုက်စားမှုမှကာကွယ်ရန်၊ မြစ်ကြောင်းဖြောင့် ဖောက်လုပ်ပေးနိုင်ရန် မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာယာဝတီမြို့နယ် စံရွေးကျေးရွာ အုပ်စု စံရွေးကျေးရွာဟာ ဒီသာယာဝတီမြို့ရဲ့အနောက်ဘက် ၇ မိုင်အကွာ မြစ်မခမြစ်ရဲ့ အနောက်ဘက်မှာ တည်ရှိပါတယ်။ စံရွေးကျေးရွာအုပ်စုမှာ အိမ်ခြေပေါင်း ၇၁၂ အိမ်၊ အိမ်ထောင်စု ပေါင်း ၇၂၂ စုနှင့် လူဦးရေ ၃၄၇၀ ရှိပြီး၊ ဧရိယာအကျယ်အဝန်းအားဖြင့် ၃.၃၇ စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ စံရွေးကျေးရွာမှာ ဗုဒ္ဓသာသနိက အဆောက်အဦများ၊ ဘုန်းတော်ကြီးကျောင်းများ၊ မြေ ၁.၆၃ ဧကပေါ်ရှိ ခုတင် ၁၆ လုံးဆန့်တိုက်နယ်ဆေးရုံတစ်ရုံ၊ အုတ်ညှပ်အုတ်ကာ၊ သွပ်မိုး ကျေးလက်ကျန်းမာရေးအဆောက်အဦတစ်လုံး၊ နှစ်ထပ်ဆောင်အပါအဝင် စာသင်ဆောင် ၄ ဆောင် နှင့် ဝန်ထမ်းအိမ်ရာပါ စံရွေးအထက်ကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်း ၂ ကျောင်းနှင့် ဝန်ထမ်း အိမ်ရာပါ ရဲတပ်ဖွဲ့စခန်း ၁ ခု၊ ဉာဏ်တော် ၂၇ ပေရှိ ရွှာလယ်ရုပ်ပွားတော်မြတ်ကြီး ၁ ဆူ အသီးသီး ရှိပါတယ်။ စံရွေးကျေးရွာမှာ လယ်မြေ ၇၉.၂၅ ဧက၊ ကိုင်း ၁၆၂၁.၆၆ ဧကရှိ၍ စိုက်ပျိုးရေး လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်လျက်ရှိပြီးတော့ နွေအခါမှာ မြစ်ကြောင်းကိုဖြတ်ပြီး တော့မှ ဟုမ်းအော်ကျေးရွာမှတစ်ဆင့် မြို့ကိုသွားနိုင်ပြီးတော့ မိုးတွင်းအခါမှာ မြစ်ကြောင်းမှတစ်ဆင့် သုံးဆယ်ချောင်းအတိုင်း မြို့ကို မော်တော်များဖြင့် လမ်းပန်းဆက်သွယ်အသုံးပြုရပါတယ်။ မြစ်မခမြစ် ရေဟာ စံရွေးကျေးရွာအနောက်ဘက်ခြမ်း ရွာထိပ်နေရာသို့ တိုက်ရိုက်ထိတွေ့စီးဆင်းမှုကြောင့် မြစ်ကမ်းများတစ်လျှောက် နှစ်စဉ်ကမ်းပြိုမှုများဖြစ်ကာ နေအိမ်နှင့် လယ်ယာကိုင်းကျွန်းများ နှစ်စဉ် ဆုံးရှုံးလျက်ရှိပါသည်။ ယမန်နှစ်က ရွာမြေ ၃.၀၆ ဧက နှင့် ကိုင်းမြေ ၁.၇၄ ဧကပေါင်း ၄.၈ ဧကသည် မြစ်ကြောင်းရေအောက်မြေ အဖြစ်ရောက်ရှိကြောင်း ခံစားတွေ့ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ အိမ်ထောင်စု ၂၀ သည် နီးစပ်ရာဆွေမျိုးအသိုင်းအဝိုင်းမြေလွတ်များရှိရာသို့ လည်းကောင်း၊ အိမ်ထောင်စု ၃၄ စုသည် ကိုင်းအတွင်းရှိ မြေယာများသို့လည်းကောင်း၊ မြစ်ကမ်းပါး ပြိုကျနိုင်မည့်နေရာများမှ ပြောင်းရွှေ့ နေထိုင်ခဲ့ကြရပါတယ်။ ၁၉၇၉ ခုနှစ်မှနေပြီး ၂၀၁၂ ခုနှစ်အထိ မြစ်ကမ်းပါးပြိုကျမှုကြောင့် ပျက်စီးခဲ့သောအခြေအနေမှာ စံရွေးကျေးရွာ သင်္ဘောကျင်းတိုက်နေရာဟောင်းမှာ ယနေ့ယခု လက်ရှိ ကမ်းပါးနေရာအထိ ပေ ၃၃၀၀ ခန့်မြစ်ကြောင်းပြောင်းခြင်း၊ ပြောင်းရွှေ့ခဲ့ရသော အိမ်ခြေပေါင်း ၂၀၀ ကျော်၊ စေတီရုပ်ပွားတော်မြတ်နှင့် သိမ်ကျောင်းအပါအဝင် ဘုန်းတော်ကြီးကျောင်း ၂ ကျောင်း၊ သုသာန်မြေတစ်ခုနှင့် ကိုင်းမြေ ၁၅၀ ကျော် ပျက်စီးခဲ့ရပါတယ်။ မြစ်ကြောင်းအနေအထားသည် စံရွေးကျေးရွာအား ထိပ်တိုက်တိုးနေခြင်း၊ ရေစီးသန်မြန်လွန်းခြင်း၊ ကမ်းပြိုခြင်းများအား တားဆီး ကာကွယ်နိုင်ခြင်းမရှိ၍ ကျေးရွာအတွက် အလွန်အန္တရာယ်ကြီးမားလျက် ရှိပါတယ်။ စံရွေးကျေးရွာ

ဘက်ကမ်းမှာ ကမ်းပါးတစ်လျှောက်ကမ်းပြိုမှု အလျားပေ ၆၀၀၀ ခန့်ရှိပြီး ကမ်းပြိုတိုက်စားမှုအနေဖြင့် စံရွှေးကမ်းပါးနှင့် စံရွှေးကျေးရွာကျန်းမာရေးဌာန အကွာအဝေး ပေ ၁၀၀ ခန့်၊ မြစ်ကမ်းပါးနှင့် ဝန်ထမ်းအိမ်ရာပါ စံရွှေးအထက်တန်း ကျောင်း အကွာအဝေး ပေ ၅၅၀ ခန့်၊ မြစ်ကမ်းပါးနှင့် ခုတင် ၁၆ လုံးတိုက်နယ်ဆေးရုံအကွာအဝေး ပေ ၈၅၀ ခန့်၊ မြစ်ကမ်းပါးနှင့် ရဲစခန်းအကွာအဝေး ပေ၇၅၀ ခန့်၊ မြစ်ကမ်းပါးနှင့် ယခင်ပြောင်းရွှေ့ခဲ့သော သင်္ဘောကျင်းဘုန်းတော်ကြီးကျောင်းနှင့် ဗုဒ္ဓရုပ်ပွားတော်များ အကွာအဝေး ပေ ၆၅၀ ခန့် အသီးသီးကမ်းပြိုမှုအန္တရာယ်နှင့် နီးကပ်လျက်ရှိပါသည်။

၂၀၀၃ နှင့် ၂၀၀၄ ခုနှစ်များမှာ ရေအရင်းမြစ်နှင့်မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်ရေးဌာန ဒေသခွဲ (၃) မှာ တိုင်းတာမှုကွင်းဆင်းဆောင်ရွက်ခဲ့ပြီးတော့ မြစ်ကြောင်းဖြောင့်ဖောက်လုပ်ရန် အကွာအဝေး တိုင်းတာခဲ့ရာ ပေ ၇၅၀၀ ခန့် သတ်မှတ်ထားသော်လည်း ယခုနှစ်ကြာလာသည်နှင့်အမျှ ရေတိုက်စားမှုကြောင့် ကမ်းပါးနှစ်ဖက်ညှပ်ပြို၍ အိုမီဂါပုံစံဖြင့်တည်ရှိရာ ယခုအခါ ပေ ၆၅၀၀ ခန့်သာရှိပြီဖြစ်ပါတယ်။ မြစ်ကြောင်းသည် စံရွှေးကျေးရွာအား အိုမီဂါပုံသဏ္ဍာန် ကွေ့ဝိုက်စီးဆင်းနေသဖြင့် မြစ်ကြောင်းဖြောင့်မှသာ ရေရှည်တွင် အန္တရာယ်မှ လွတ်ကင်းမည် ဖြစ်ပါတယ်။ ထိုကဲ့သို့ မြစ်ကြောင်းဖြောင့်တူးခြင်းဖြင့် စံရွှေးကျေးရွာအုပ်စု၊ ဒေါဝီကျေးရွာအုပ်စု၊ ကြေးစင်ကုန်းကျေးရွာအုပ်စု၊ ဖိုးခေါင်ကျေးရွာအုပ်စုတို့သည် ရေတိုက်စားခံရမည့် အိမ်ခြေစုစုပေါင်း ၈၀၀ ကျော်အတွက် (၁) မြစ်ကမ်းပါးပြိုကျမှု ရေတိုက်စားမှု အန္တရာယ်မှကင်းလွတ်ခြင်း၊ (၂) မူလလယ်ယာလုပ်ငန်းကိုလည်း စဉ်ဆက်မပြတ်လုပ်ကိုင်နိုင်ခြင်း၊ (၃) အဆိုပါမြစ်ကြောင်းသည် စံရွှေးကျေးရွာ၏ အနောက်ဘက်တွင် ကျန်ရစ်ခဲ့မည်ဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူလျင်မြန်လာမည်ဖြစ်သဖြင့် ဒေသနေပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသော လူမှုစီးပွားရေးဘဝ အခြေအနေများ တိုးတက်လာနိုင်ရေး၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းစေနိုင်ခြင်း၊ (၄) ပေါ်ထွက်လာမည့်မြစ်ကျိုးအင်းကြောင့် စိုက်ပျိုးမြေများ ပေါ်ထွန်းလာနိုင်ခြင်း၊ (၅) အစိုးရဌာနဆိုင်ရာအဆောက်အဦများ၊ သာသနိကအဆောက်အဦများ၊ လူနေအိမ်များ ပျက်စီးခြင်းနှင့် ရွှေ့ပြောင်းခြင်းမပြုရဘဲ ရေရှည်တည်တံ့နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ခံစားရမှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် သာယာဝတီမြို့နယ် စံရွှေးကျေးရွာအုပ်စုအပါအဝင် လေးအုပ်စုတို့အား မြစ်မခမြစ်ရေတိုက်စားမှုနှင့် မြစ်ကမ်းပါးပြိုကျမှုအန္တရာယ်ကို ခံစားနေရသော ဒေသခံပြည်သူများ၏ ရှေ့ရေးအတွက် ၎င်းဖော်ပြပါ အကျိုးကျေးဇူးများခံစားရရှိနိုင်ရန် လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ရှု၍ အထက်ပါ စံရွှေးကျေးရွာ မြစ်မခမြစ်ရဲ့ ရေတိုက်စားထားသော အိုမီဂါပုံစံဖြစ်နေသည့် မြစ်ကြောင်းထိပ်စွန်းနှစ်ခုအား မြစ်ကြောင်းဖြောင့်

ဖောက်ပေးခြင်းဖြင့် ပြည်သူများရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှာဖြစ်ပါတယ်။ သို့အတွက်ကြောင့် ကျွန်တော်မေးလိုသည့်မေးခွန်းမှာ စံရွှေးကျေးရွာအား မြစ်မခမြစ်ရေတိုက်စားမှုမှ ကာကွယ်ရန် မြစ်ကြောင်းဖြောင့်တူးဖော်ပေးနိုင်ခြင်းရှိ၊ မရှိနှင့် ဖောက်လုပ်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဖောက်လုပ်နိုင်မည်ကို သိလို၍မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးပဲကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်စိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းရဲ့ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် စံရွှေးကျေးရွာအုပ်စု စံရွှေးကျေးရွာအား မြစ်မခမြစ်ရေတိုက်စားမှုမှ ကာကွယ်ရန် မြစ်ကြောင်းဖြောင့်တူးဖော်ပေးနိုင်ရေးရှိ၊ မရှိ ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ် စံရွှေးကျေးရွာအုပ်စု စံရွှေးကျေးရွာအား မြစ်မခမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုအခြေအနေများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒေသ(၃) ပဲခူးတိုင်းဒေသကြီးရုံးကနေပြီးတော့ ကျွန်တော်တို့ ၂၈-၈-၂၀၁၂ ရက်နေ့ကနေစပြီး ကွင်းဆင်းတိုင်းတာ စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိချက်တွေအရစံရွှေးကျေးရွာရဲ့အနောက်ဘက်မှာ ကမ်းပြိုမှုအလျား ၅၉၀၀ ပေခန့်ဖြစ်ပါတယ်။ စံရွှေးကျေးရွာတည်ရှိရာ မြစ်ကမ်းပါးဟာ မြစ်ကွေးရဲ့အပြင်ဘက်မှာရှိခြင်း၊ ကမ်းပါးမြေသားများမှာ ရေတိုက်စားမှုကို ခံနိုင်ရည်မရှိသောစေးကပ်မှုနည်းသည့် နုန်းသဲများဖြစ်ခြင်းတို့ကြောင့် ကမ်းပြိုမှုဖြစ်ပေါ်ကြောင်းတွေ့ရှိရပါတယ်။ စံရွှေးကျေးရွာဟာ မြစ်မခမြစ်ရဲ့ အိုမီဂါပုံသဏ္ဌာန်မြစ်ကွေးအတွင်းကျရောက်နေပြီး မြစ်ကွေးကိုဖြတ်ဖောက်လိုက်မည်ဆိုပါက စံရွှေးကျေးရွာကမ်းပြိုမှုမှကာကွယ်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ တိုင်းတာတွေ့ရှိချက်အရ မြစ်ကွေးကိုဖြတ်ဖောက်မည်ဆိုပါက ကျွန်တော်တို့ အလျားပေ ၉၀၀၀ခန့်ဖြတ်ဖောက်သွားရမှာဖြစ်ပါတယ်။ အဲလိုဖြတ်ဖောက်မယ်ဆိုရင် မြေကြီးကျင်းပေါင်း ၁၈၀၀၀၀၀ ခန့်

တူးဖော်ရမှာဖြစ်ပြီးတော့ မြစ်ကွေးဖြတ်ဖောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ခန့်မှန်းကျပ်သန်းပေါင်း ၁၃၀၀၀ ခန့်ကုန်မယ်လို့ ခန့်မှန်းတွက်ချက်ရပါတယ်။ ဒီအဆိုပါစစ်ဆေးတွေ့ရှိချက်နှင့် ခန့်မှန်းကုန်ကျစရိတ်တွေကို ပဲခူးတိုင်းဒေသကြီးအစိုးရသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒေသ(၃) ပဲခူးတိုင်းဒေသရုံးမှလည်း ပေးပို့ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်အနေနဲ့ ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်တို့ရဲ့ ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးကို အဓိကထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ မြစ်ကြောင်းတွေရဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေမှာ ထည့်သွင်းရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါ့ကြောင့်မို့လို့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ် စံရွှေးကျေးရွာအုပ်စု စံရွှေးကျေးရွာ မြစ်မခ ရေတိုက်စားမှုမှကာကွယ်ရန် မြစ်ကြောင်းဖြောင့်ခြင်းလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာတော့ ကျွန်တော်တို့ ထည့်သွင်းနိုင်ခဲ့ခြင်းမရှိသေးဘဲနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ရန်ပုံငွေတင်ပြတောင်းခံသွားဖို့ ကျွန်တော်တို့ညှိနှိုင်းပေးထားကြောင်းနှင့် လိုအပ်တဲ့ နည်းပညာများတွေကိုတော့ ကျွန်တော်တို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေရှင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ကိုကိုးကျွန်း-ရန်ကုန် သင်္ဘောခရီးစဉ်များကို ပြန်လည်ပြေးဆွဲပေးမည်ဆိုပါက မည်သည့်အချိန်တွင် စတင်ပြေးဆွဲပေးမည်နှင့် တစ်နှစ်လျှင် ပုံမှန်အခေါက်ရေမည်မျှ ပြေးဆွဲပေးမည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကိုကိုးကျွန်းမဲဆန္ဒနယ်မှ ဦးအေးဖေမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးဖေ(ကိုကိုးကျွန်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖေ ဖြစ်ပါတယ်။ ယနေ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့အချက်ကတော့ ကိုကိုးကျွန်း-ရန်ကုန်-ဗန်းမော် ခရီးစဉ်များကို

ပြန်လည်ပြေးဆွဲမည်ဆိုပါက မည်သည့်အချိန်တွင် စတင်ပြေးဆွဲပါမည်နည်း။ ပြေးဆွဲမည်ဆိုပါက တစ်လ၊ တစ်နှစ်လျှင် အခေါက်ရေမည်မျှပြေးဆွဲပါမယ်ဆိုတဲ့ ဒီမေးခွန်းနှစ်ချက်ကို ကျွန်တော် မေးမြန်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကိုကိုးကျွန်းဟာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှနေပြီးတော့ အနောက်တောင်ယွန်းယွန်း ၂၇၀ မိုင်ဝေးတဲ့ ပင်လယ်ပြင်မှာ ထီးထီးတည်ရှိတဲ့ကျွန်းဖြစ်ပါတယ်။ အလျားအားဖြင့် ၇ မိုင်၊ အနံအားဖြင့် ၁.၂ မိုင်ရှိပါတယ်။ စတုရန်းမိုင်အားဖြင့် ၈.၄ စတုရန်းမိုင်ရှိပါတယ်။ ကျွန်းပေါ်မှာ အုန်းပင်များနှင့် အနောက်ဘက် တောင်ကုန်းပေါ်မှာ သစ်တောများဖုံးလွှမ်းလျက်ရှိပါတယ်။ ကျွန်တော်တို့ကျွန်းရဲ့ပတ်ဝန်းကျင်မှာ ကျွန်းငယ်ပေါင်း ၇ ကျွန်းရှိပါတယ်။ အဲ့ဒီမှာ ကိုကိုးလေးနဲ့ စားပွဲတင်ကျွန်းရှိပါတယ်။ ကိုကိုးလေးရဲ့ တောင်ဘက်မိုင် ၂၀ ခန့်မှာ အိန္ဒိယနိုင်ငံပိုင်တဲ့ ကပ္ပလီကျွန်းရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကျွန်းဟာဝေးလံတဲ့ နယ်စွန်နယ်ဖျား၊ နယ်စပ်မှာရှိတဲ့ ကျွန်းတစ်ကျွန်း၊ မြို့တစ်မြို့ဆိုရင်မှားမယ် မဟုတ်ပါဘူး။ ထို့အတူ ကျွန်တော်တို့ကျွန်းဟာ ပင်လယ်ထဲမှာတည်ရှိနေတဲ့အတွက်ကြောင့် မြန်မာ့ပင်လယ်မှာ မြန်မာနိုင်ငံရဲ့မြေပြင်ဧရိယာ အကျယ်အဝန်းဟာ စတုရန်းကီလိုမီတာ ၆၇၇၀၀၀ ရှိပါတယ်။ မြန်မာ့စီးပွားရေးဇုန်ဧရိယာဟာ ၄၈၆၀၀၀ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြလိုတဲ့ အချက်ကတော့ ကျွန်တော်တို့ ပင်လယ်ပြင်ရဲ့ဧရိယာဟာ ကုန်းမြေရဲ့ဧရိယာ သုံးပုံ နှစ်ပုံ ကျွန်တော်တို့ နိုင်ငံကပိုင်ဆိုင်ပြီးရှိပါတယ်။ ဒီလိုပိုင်ဆိုင်တာလည်း ကျွန်တော်တို့ ကိုကိုးကျွန်းရဲ့တည်နေရာအနေအထားကြောင့် ပံ့ပိုးပေးလို့လည်းဖြစ်ကြောင်း တင်ပြချင်ပါတယ်။ ဒါကြောင့် ကိုကိုးကျွန်းအနေနဲ့ တင်စားခေါ်ရမယ်ဆိုလို့ရှိရင်တော့ မြန်မာနိုင်ငံရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ခုလို့ဆိုရင်မှားမယ်မထင်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆက်လက်တင်ပြလိုတာကတော့ ကိုကိုးကျွန်းပေါ်မှာ မြို့နယ်အဆင့်ဌာန ၁၆ ခုရှိပါတယ်။ ဌာနဝန်ထမ်းများနှင့် ၎င်းတို့ရဲ့မိသားစုများ ကျွန်းနေပြည်သူ ပြည်သားများအားလုံးစုစုပေါင်း ၁၀၀၀ ကျော်နေထိုင်လျက်ရှိပါတယ်။ ၎င်းမိသားစုများဟာ သွားရေးလာရေးနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ခေတ်အဆက်ဆက်ကစပြီးတော့ ရေပြင်၊ ပင်လယ်ပြင်ကို အားကိုးပြီးတော့ ကျွန်တော်တို့ ပို့ဆောင်ဆက်သွယ်ရေးနှင့် အားကိုးပြီးတော့ သွားလာလှုပ်ရှားခဲ့ရပါတယ်။ ကိုကိုးကျွန်းပေါ်မှာ ပေ ၆၀၀၀ ရှိတဲ့ လေယာဉ်ပျံကွင်းတစ်ကွင်းရှိပါတယ်။ သို့သော်လည်း များသောအားဖြင့် ကျွန်းသူကျွန်းသားဝန်ထမ်းများဟာ ပင်လယ်ပြင်မှာပဲ ရေကြောင်းကိုအားကိုးပြီးတော့ ကူးလူးဆက်ဆံနေရပါတယ်။ အဲ့လိုကူးလူးဆက်ဆံတဲ့အခါနဲ့ပတ်သက်လို့ ယခင်ကဆောင်ရွက်ခဲ့တဲ့ မှတ်တမ်းများ အရတင်ပြရမယ်ဆိုလို့ရှိရင် ၁၉၅၄ ခုနှစ်မှ ၁၉၉၀ ခုနှစ် အောက်တိုဘာလထိ ကျွန်းများကိုသွားတဲ့

ရေတပ်မှသင်္ဘောကြုံများ သို့မဟုတ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က နည်းပြပိုင်းကိစ္စများကို ဆောင်ရွက်ရန်အတွက် အုပ်ချုပ်မှုကိစ္စများဆောင်ရွက်ပေးရန်အတွက် သွားတဲ့နည်းပြသင်္ဘောများဖြင့်သာ သင်္ဘောကြုံများဖြင့် ကျွန်းနဲ့ပြည်မကြီးကို သွားလာခဲ့ရပါတယ်။ သို့သော်လည်း ၁၉၉၀ ခုနှစ် နိုဝင်ဘာလကနေစပြီးတော့ ၂၀၁၀ ခုနှစ် အောက်တိုဘာလထိကတော့ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ တောင်ကြီး-ဟားခါး-မြစ်ကြီးနား ကမ်းရိုးတမ်းသင်္ဘောများဖြင့် မိုးကာလမှအပ ပွင့်လင်းရာသီမှာ တစ်လတစ်ကြိမ် ရေများဖြည့်စွက်ပေးရတဲ့အတွက်ကြောင့် ကျွန်းနေ မြို့သူမြို့သားများဟာ သွားရေးလာရေးအတွက်အဆင်ပြေခဲ့ပါတယ်။ သို့သော်လည်း ၂၀၁၀ ခုနှစ် အောက်တိုဘာလနောက်ပိုင်းမှစပြီးတော့ ကြယ်ငါးပွင့်သင်္ဘောပြေးဆွဲနိုင်ခြင်းမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ မြို့သူမြို့သားများအနေနဲ့ ပွင့်လင်းရာသီမှာ သွားရေးလာရေးအတွက် ကျွန်းကို ရောက်လာတဲ့ တပ်မတော်(ရေ)မှ ယာဉ်များကိုအားကိုးပြီးတော့ ရေယာဉ်ကြုံစီးပြီးတော့ လိုက်ပါ ပို့ဆောင်သွားလာနေရတဲ့အတွက်ကြောင့် သွားရေးလာရေးဟာ အခက်အခဲတွေဖြစ်လာပါတယ်။ သွားရေးလာရေးအခက်အခဲနဲ့အတူ ကျွန်တော်တို့စားဝတ်နေရေးကို ပြည်ပကိုပဲ အားကိုးနေရတဲ့ အတွက်ကြောင့် ကျွန်းမြို့ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ကျွန်းသူကျွန်းသား၊ ကျွန်တော်တို့ မြို့သူ မြို့သားအားလုံးဟာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စားဝတ်နေရေးပါ အခက်အခဲဖြစ်လာပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တင်ပြလိုတဲ့အချက် ကတော့ ၂၀၁၀ ခုနှစ် အောက်တိုဘာလမတိုင်မီအထိ နိုင်ငံတော်မှတာဝန်ယူ၍ တစ်နည်းအားဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ယူ၍ မြန်မာ့ကြယ်ငါးပွင့်ကမ်းရိုးတန်းသင်္ဘောများ ပြေးဆွဲပေး သကဲ့သို့ ကိုကိုးကျွန်း-ရန်ကုန်ခရီးစဉ်များကို အမြန်ပြန်လည်ပြေဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြတောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အကယ်၍ ကိုကိုးကျွန်း-ရန်ကုန် ခရီးစဉ်များ ပြန်လည်ပြေးဆွဲပေးမည်ဆိုပါက ကျွန်တော့်အနေနဲ့ မေးခွန်း ၂ ခု မေးလိုပါတယ်။ မေးခွန်း (၁) ကတော့ မည်သည့်အချိန်တွင် စတင်ပြေးဆွဲမည်ကို သိလိုပါတယ်။ မေးခွန်း (၂) ကတော့ တစ်နှစ်လျှင် ပုံမှန်အခေါက်ရေ မည်မျှပြေးဆွဲမည်ကိုလည်း သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်စိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုကိုးကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖေရဲ့ ကိုကိုးကျွန်း-ရန်ကုန် သင်္ဘောခရီးစဉ်များ ပြန်လည်ပြေးဆွဲပေးပါရန်နှင့် ပြန်လည်ပြေးဆွဲမည်ဆိုပါက မည်သည့်အချိန်တွင် စတင်ပြေးဆွဲမည်နှင့် တစ်နေ့လျှင် ပုံမှန်အခေါက်ရေမည်မျှပြေးဆွဲမည်ကို သိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်ကဆက်လက် ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပို့ဆောင်ရေးဝန်ကြီးဌာနက ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍကို ယခင်က ကျွန်တော်တို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ ဌာနခွဲ ၆ ခု တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အခြေပြုပြီး မြန်မာနိုင်ငံရဲ့ အဓိကမြစ်ကြီးများမှာ မြစ်တွင်းသွားရေယာဉ်များဖြင့်လည်းကောင်း၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ပင်လယ်ပြင်သွားကုန်တင်သင်္ဘောများဖြင့် ကမ်းရိုးတန်းသွား လူစီးကုန်တင် သင်္ဘောများဖြင့်လည်းကောင်း သယ်ယူပို့ဆောင်ရေးဆောင်ရွက်ခဲ့ပါတယ်။ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းအနေနဲ့ စစ်တွေ၊ ကျောက်ဖြူ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းမြို့များသို့ ကမ်းရိုးတန်းခရီးစဉ်များကို ယခင်ကပြေးဆွဲခဲ့သည့်နည်းတူ ပွင့်လင်းရာသီများမှာလည်း ရန်ကုန်-ကိုကိုးကျွန်း ခရီးစဉ်များကို တစ်လတစ်ခေါက် ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းရဲ့ ပိုင်ဆိုင်မှုများကို ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမီတက်သို့ ၂၀၁၀ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ကနေစပြီးတော့ လွှဲပြောင်းရောင်းချပေးခဲ့ပါတယ်။ အဲ့ဒီလို မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းကို လွှဲပြောင်းပေးခဲ့တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ပို့ဆောင်ရေးဝန်ကြီးဌာန အနေနဲ့ မြစ်တွင်းသွားရေယာဉ်များသာရှိပြီးတော့ ကမ်းရိုးတန်းသွားသင်္ဘောများ လက်ရှိမှာ မရှိတော့ပါဘူး။ ဒါ့ကြောင့်မို့လို့ ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းထားတဲ့ ကိုကိုးကျွန်း-ရန်ကုန် သင်္ဘောခရီးစဉ်ကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် အောက်က ရှိတဲ့ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းနှင့် ညှိနှိုင်းစီစဉ်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အထူးကိစ္စရပ်များအတွက် လေကြောင်းနှင့် ပို့ဆောင်ရန် လိုအပ်မည်ဆိုပါကလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးနိုင်ပါကြောင်း ပြန်လည်ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဘဏ်စည်းကမ်းအရ အာမခံချေးငွေချေးပေးရာတွင် ဒုက္ခရောက်နေချိန်မျိုး၊ အမှန်တကယ် ပိုင်ဆိုင်ခွင့်ရှိသော်လည်း သက်ဆိုင်ရာဌာနမှ ဆောင်ရွက်ပေးချိန်ကြာမြင့်သည့်အခါမျိုးတွင် မည်သည့် နည်းလမ်းဖြင့် ငွေချေးပေးနိုင်မည်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်ကိုယ်စား ဦးသိန်းထွန်းဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အမရပူရ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်း ဒေသကြီး၊ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်၏ ကိုယ်စား မေးမြန်း တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်က ၆-၁၁-၂၀၁၂ ရက်နေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး နဝမနေ့မှာ တောင်သူလယ်သမားများ၏ ချေးငွေ၊ စိုက်ပျိုးရေးဘဏ်မှအပ ကျန်ဘဏ်များ တစ်ဧကတစ်သိန်းနှင့် အထက် နှစ်အလိုက်ချေးငွေအဖြစ် ထုတ်ချေးပေးနိုင်ပါရန် အဆိုတစ်ရပ် တင်သွင်းခဲ့ပါတယ်။ ဒါ့အပြင် လိုအပ်ပါက လိုအပ်သော ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပေးရန်ကိစ္စကိုပါ အဆိုတွင် ဖော်ပြခဲ့ပါတယ်။ ဤအဆိုအပေါ် သက်ဆိုင်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနတို့မှာ ချေးပေးရန် အစီအစဉ်ရှိကြောင်း၊ တောင်သူလယ်သမားများအတွက် လယ်ယာမြေ ပိုင်ဆိုင်မှုအတွက် အထောက်အထားများ၊ လယ်ယာမြေပိုင်ဆိုင်ခွင့်လက်မှတ်များအား လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပုံနှိပ်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး သက်ဆိုင်ရာ တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် ထုတ်ပေးမည်ဖြစ်ပြီး အဆိုပါ လယ်ယာမြေပိုင်ဆိုင်ခွင့် လက်မှတ် ရရှိပြီးပါက ဘဏ်များမှ မြေယာကို အာမခံထားလျက် ချေးပေးမည်ဖြစ်ပါကြောင်းနဲ့ အဆိုအား မှတ်တမ်းတင်ပေးပါရန် ဆွေးနွေးခဲ့ပါတယ်။ သို့ပါ၍ ယခုအခါ တောင်သူလယ်သမားများမှာ ရာသီဥတုဒဏ်ကို ဆိုးရွားစွာ ခံစားနေရခြင်း၊ သီးနှံဈေးနှုန်းများ အဆမတန်ကျဆင်းနေမှုကြောင့် အခက်အခဲများစွာနဲ့ ရင်ဆိုင်နေရပါသဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသို့ မေးမြန်းလိုသည်မှာ ဘဏ်စည်းကမ်းအရ အာမခံထား၍ ချေးငွေချေးပေးရသည်မှာ မှန်ကန်ပါတယ်။ သို့သော် ယခုကဲ့သို့ ဒုက္ခရောက်နေချိန်မျိုး အမှန်တကယ် ပိုင်ဆိုင်ခွင့်ရှိသော်လည်း ထိုပိုင်ဆိုင်မှုအတွက် သက်ဆိုင်ရာဌာနမှ

ဆောင်ရွက်ပေးချိန် ကြာမြင့်နိုင်သည့်အခါမျိုးတွင် ဘဏ်များအနေနဲ့ မည်သည့်နည်းဖြင့် ငွေချေးပေး နိုင်သည်ကို သိလိုပါကြောင်း လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားခြင်းဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်း ဒေသကြီး၊ မလှိုင်မဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်၏ မေးခွန်းကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာ မောင်မောင်သိမ်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ဦးအေးမောက်ရဲ့ မေးခွန်းကတော့ ဘဏ်စည်းကမ်းအရ အာမခံထား၍ ချေးငွေချေးပေးရာတွင် ဒုက္ခရောက်နေချိန်မျိုး၊ အမှန်တကယ် ပိုင်ဆိုင်ခွင့်ရှိသော်လည်းပဲ ထိုပိုင်ဆိုင်မှုအတွက် သက်ဆိုင်ရာဌာနမှ ဆောင်ရွက်ပေးချိန်ကြာမြင့်နိုင် သည့်အခါမျိုးမှာ မည်သည့်နည်းလမ်းဖြင့် ငွေချေးပေးနိုင်မည်ကို သိရှိလိုကြောင်းဟူ၍ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးသိကြတဲ့အတိုင်းပါပဲ။ ဘဏ်ငွေတွေကို သုံးမျိုး အကြမ်းဖျင်း အားဖြင့်ခွဲခြားလို့ရပါတယ်။ ကူးသန်းရောင်းဝယ်ရေးဘဏ်၊ စိုက်ပျိုးရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ် စသည်ဖြင့် ဖြစ်နိုင်ပါတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့ ဘဏ်လောက၊ ငွေရေးကြေးရေးလောကမှာ နိုင်ငံပိုင်ဘဏ် ၄ ဘဏ်၊ ပုဂ္ဂလိကဘဏ် ၁၉ ဘဏ်နှင့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း ၁၃၀ က လှုပ်ရှားဆောင်ရွက်ပေးလျက်ရှိပါတယ်ခင်ဗျား။ အဲဒီဘဏ်တွေထဲမှာမှ နိုင်ငံပိုင်ဘဏ်တွေ အားလုံး ၄ ဘဏ်အနက် ၃ ဘဏ်နဲ့ ပုဂ္ဂလိကဘဏ် အားလုံးသည် ကူးသန်းရောင်းဝယ်ရေးဘဏ်တွေဖြစ်ပါ တယ်။ နိုင်ငံပိုင်ဖြစ်တဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကတော့ စိုက်ပျိုးရေးဘဏ် ဖြစ်ပါတယ်ခင်ဗျ။

ဘဏ်များအနေနဲ့ အဓိကလုပ်ဆောင်ရသော လုပ်ငန်းသည် ငွေအပ်နှံထားသူများရဲ့ အပ်ငွေ များကို လက်ခံပြီးတော့ အတိုးပြန်ပေးတယ်။ အဲဒီမှ တစ်ဆင့်ပြန်ပြီးတော့ ထုတ်ချေးပေးတာကို လုပ်ဆောင်ရခြင်းဖြစ်ပါတယ်။ ဘဏ်များအနေနဲ့ သူတို့ကိုအပ်နှံထားသော ငွေများအပေါ်မှာ မပျောက် မပျက်ရ အောင်ထိန်းသိမ်းရမယ့် တာဝန်က လွန်စွာမှ ကြီးလေးပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ ဘဏ်များရော၊ နိုင်ငံတကာမှာရှိတဲ့ ဘဏ်များအပါအဝင် ငွေကြေးထုတ်ချေးတဲ့ မူဝါဒတွေမှာ အာမခံ အပေါင်ပစ္စည်းမဲ့ ထုတ်မချေးရဘူးဆိုတာ တင်းတင်းကြပ်ကြပ်ကြီး သတ်မှတ်ထားပါတယ်။ သို့သော်

လည်း စိုက်ပျိုးရေးဘဏ်ဖြစ်တဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကတော့ စိုက်ပျိုးရေးချေးငွေတွေကို ထုတ်ချေးပြီးတော့ သူသည် ရောင်းဝယ်ရေးဘဏ် မဟုတ်တဲ့အတွက်ကြောင့် သူ့အနေနဲ့တော့ အပေါင်ပစ္စည်းမဲ့ ချေးခွင့်ရှိပါတယ်။ ထို့အတူပဲ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကလည်း ပဲ အပေါင်ပစ္စည်းမဲ့ ချေးခွင့်ရှိပါတယ်ခင်ဗျား။ သို့သော်လည်းပဲ အပေါင်ပစ္စည်းမဲ့ဆိုသော်လည်းပဲ သူတို့အနေနဲ့ ဝိုင်းကြီးချုပ်စနစ်နဲ့ အာမခံတော့ လိုအပ်ပါတယ်။ ထို့ကြောင့် ဦးအေးမောက်ရဲ့ မေးခွန်းကို ဖြေကြားချင်တာကတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ ဆက်သွယ်ပြီးတော့ အပေါင်ပစ္စည်းမဲ့ချေးယူနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ကွန်ဟိန်းမြို့နယ်တွင် နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲရုံးအဆောက်အဦ ဆောက်လုပ်ရန် အစီအစဉ်ရှိ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကွန်ဟိန်းမြို့နယ်ဟာ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးနှင့်တာချီလိတ် လမ်းမကြီးတစ်လျှောက်မှာ တည်ရှိပါတယ်။ မြို့နယ်အတွင်းမှာ လူဦးရေ ၃၀၀၀၀ ကျော်ရှိသော်လည်း စီးပွားရေးနှင့် အုပ်ချုပ်ရေး ကဏ္ဍကို များစွာအထောက်အကူပြုနိုင်သော ပြည်သူများက ယုံကြည် စိတ်ချလုံခြုံသော နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲရုံးအဆောက်အဦမရှိသေးပါ။ လက်ရှိမှာ မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲရုံးဟာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် တွဲလျက်ဖွင့်လှစ်ထားကြောင်း တွေ့ရှိရပါတယ်။ ဘဏ်တစ်ခုတွင် ရှိသင့်တဲ့ လုံခြုံမှုနှင့် ဝန်ဆောင်မှုတို့မရှိတဲ့အပြင်မှာ မိမိရဲ့ကိုယ်ပိုင် အဆောက်အဦ မရှိသေးလို့ အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း မြင်တွေ့ကြားသိခဲ့ရပါတယ်။ မြို့နယ်ဒေသခံများ က မြို့နယ်အတွင်း ယုံကြည်စိတ်ချလုံခြုံတဲ့ နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်ခွဲရုံး အဆောက်အဦ အလျင်အမြန်ရလိုကြောင်း တောင်းဆိုလာလို့ ပြည်သူများရဲ့ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ မေးခွန်းများမှာ ကွန်ဟိန်းမြို့မှာ ပြည်သူတွေလိုလားသော ယုံကြည်စိတ်ချလုံခြုံတဲ့ နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်ခွဲရုံး အဆောက်အဦ ဆောက်လုပ်ရန် အစီအစဉ်ရှိ ပါသလား။ အဆောက်အဦဆောက်လုပ်ရန် ၂၀၁၃-၂၀၁၄ ဘတ်ဂျက်တွင် ထည့်သွင်းပေးနိုင်ပါမည် လား။ ဘတ်ဂျက်တွင် မထည့်သွင်းနိုင်သေးဘူးဆိုပါက အဘယ်ကြောင့်နည်း။ မည်သည့်အချိန်ကာလ

တွင် တည်ဆောက်ရန် စီစဉ်ထားပါသနည်းလို့ မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမောင်မောင်သိန်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)** ။ ။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုရဲ့မေးခွန်းကို ကျွန်တော်ကပဲ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ဒေါ်နန်းဝါနုရဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်တွင် နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲရုံး အဆောက်အဦဆောက်လုပ်ရန် အစီအစဉ်ရှိ၊ မရှိဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ကွန်ဟိန်းဘဏ်ခွဲကို ၁-၉-၁၉၉၈ ရက်နေ့မှစတင်ဖွင့်လှစ်ခဲ့ပါတယ်။ စတင်ဖွင့်လှစ်တဲ့အခါမှာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှာ တွဲဖက်ပြီးတော့ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ထိုစဉ်တုန်းကတော့ အဆင်ပြေပေမယ့် ယခုအခါမှာ ကွန်ဟိန်းမြို့နယ်မှာ စီးပွားရေးရော၊ လူဦးရေရောတိုးတက်လာတဲ့အတွက်ကြောင့် ဘဏ်လုပ်ငန်းတွေကို ထိထိရောက်ရောက်ဆောင်ရွက်ဖို့အတွက် အခက်အခဲရှိနေပါတယ်။ ထို့အတွက်ကြောင့် ကိုယ်ပိုင်ဘဏ်ရုံးခွဲဖွင့်လှစ်ဖို့အတွက် မြေနေရာရှာခဲ့တာကို မြေနေရာရရှိပြီး ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာလည်း ငွေလုံးငွေရင်းရန်ပုံငွေတောင်းခံမှုပြုလုပ်ထားတာလည်းရှိပါတယ်။ သို့ဖြစ်၍ ရန်ပုံငွေအတည်ပြုခွဲဝေရရှိတဲ့အခါမှာ မြန်မာ့စီးပွားရေးဘဏ်ရဲ့ ကွန်ဟိန်းဘဏ်ငွေတိုက်ခွဲကို အလျင်အမြန်ဆောက်လုပ်ပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဝန်ထမ်းများ၏ ပင်စင်လစာငွေ ခံစားခွင့်ငွေပမာဏသည် တိုးမြှင့်လာပြီဖြစ်သည့်အတွက် တစ်လုံးတစ်ခဲတည်း ပင်စင်လဲလှယ်ခြင်းကို ခွင့်ပြုလျက်ရှိနေပါက ကျပ် ၅၀ ထက် မပိုစေရပါဟူသော ပြဋ္ဌာန်းချက်နှင့်ပတ်သက်၍ မည်သို့နားလည်သွားရမည်ကို ရှင်းလင်းပေးနိုင်ပါရန်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာ

အပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ကိစ္စကတော့ ဝန်ထမ်းများရဲ့ အငြိမ်းစားပင်စင်လစာမှ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ တစ်လုံးတည်းပင်စင်အဖြစ် လဲလှယ်ခွင့်ပြုရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ လက်ကမ်းစာစောင် အပိုဒ် ၁၂ အပိုဒ်ခွဲ (က) ပါ အများဆုံးလဲလှယ်ခွင့်ပြုသည့် ပင်စင်လစာငွေမှာ အငြိမ်းစားရရှိသည့်ပင်စင်လစာ၏ ၅၀ ရာခိုင်နှုန်းလဲလှယ်ခွင့်ပြုနိုင်ပါသည်။ သို့ရာတွင် ကျပ် ၅၀ ထက်မပိုစေရပါနှင့်ပတ်သက်၍ မေးမြန်းခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းများနှင့်ပတ်သက်လို့ ပင်စင်လစာတိုးမြှင့်ခွင့်ပြုခြင်းကို ၁-၄-၁၉၈၉၊ ၁-၄-၁၉၉၃၊ ၁-၁၀-၁၉၉၄၊ ၁-၄-၂၀၀၀ နှင့် ၁-၇-၂၀၁၁ ရက်နေ့များက စတင်ပြီးတော့ ၅ ကြိမ်တိုင်တိုင် နိုင်ငံတော်က ခွင့်ပြုပေးခဲ့တာကို တွေ့ရှိရပါတယ်။ ပင်စင်ခံစားခြင်းနှင့် ပတ်သက်ပြီး ထမ်းဆောင်ခဲ့တဲ့သက်တမ်းတစ်လျှောက်မှာ ပင်စင်ခံစားနေတဲ့ ဝန်ထမ်းတချို့ဟာ မိသားစုဘဝရပ်တည်နိုင်ဖို့အတွက် တစ်လုံးတည်းပင်စင်ကို လဲလှယ်ခံစားခြင်းများ ဆောင်ရွက်ခဲ့ကြတာကို တွေ့ကြုံခဲ့ဖူးပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာတော့ တစ်လုံးတည်းပင်စင်လဲလှယ်ခြင်းများ မတွေ့ရသလောက်ဘဲ ဖြစ်ပါတယ်။ ပင်စင်ခံစားနေခြင်းနှင့်ပတ်သက်လို့ စာစောင်တစ်စောင်မှာ တွေ့ရပါတယ်။ အငြိမ်းစားဝန်ထမ်းတစ်ဦးက တစ်လုံးတည်းပင်စင်လဲလှယ်လိုရေးကိစ္စကို ဦးတည်ရေးသားထားချက်ကိုလည်း တွေ့လိုက်ရပါတယ်။ ၎င်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ဝန်ထမ်းအငြိမ်းစားဖြစ်တဲ့အတွက် ကိုယ်ပိုင်ငွေလက်ထဲမှာ ပြည့်ပြည့်စုံစုံမရှိတာရယ်၊ နိုင်ငံတော်ကပေးလိုက်တဲ့ မြေကွက်ကို ဝယ်ဖို့ရာဆိုရင် ၎င်းရဲ့ပင်စင်ကို တစ်လုံးတည်းလဲလှယ်ခွင့်ရရင် ပိုပြီးအဆင်ပြေမယ်ဆိုတဲ့ အကြောင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အငြိမ်းစားဝန်ထမ်းများ တစ်လုံးတည်းပင်စင်လဲလှယ်ခြင်းနှင့်ပတ်သက်ပြီးတော့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို မေးမြန်းခဲ့ဖူးပါတယ်။ တစ်လုံးတည်းပင်စင်ကို လဲလှယ်ခွင့်မပြုတော့ဘူးလား။ ဝန်ထမ်းများနှင့်ပတ်သက်ပြီး ၎င်းတို့ရဲ့ဆန္ဒရှိရင် ဆောင်ရွက်ပေးသင့်ကြောင်း ဆွေးနွေးကြည့်တဲ့အခါမှာ လဲလှယ်ခွင့်တော့ ပြုပါတယ်။ ဒါပေမယ့် သက်ဆိုင်ရာ အငြိမ်းစားဝန်ထမ်းမှာ ပင်စင်လစာငွေကျန် နည်းပြီး ဒုက္ခဖြစ်သွားမှာကို စိုးရိမ်မိတယ်လို့ ဖြေခဲ့ဖူးပါတယ်။ ကျွန်တော်တို့ အမြင်ကို တင်ပြရမယ်ဆိုရင်တော့ လဲလှယ်ပေးခြင်းဖြင့် ကြိုတင်ခံစားရမယ်။ ပြင်ဆင်သင့်တဲ့ အချက်

အလက်တွေကို ကြိုတင်ပြင်ဆင်နိုင်တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ လဲလှယ်မယ့်ကိစ္စရပ်အပိုင်းက တော့ သက်ဆိုင်ရာ အငြိမ်းစားရဲ့ သဘောပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆိုရင် ပင်စင်ခံစားခွင့်ငွေပမာဏက တိုးမြှင့်ထားပြီ ဖြစ်ပါတယ်။ လဲလှယ်ခွင့်ကို ကျပ် ၅၀ ထက်မပိုစေရပါဆိုတဲ့ သတ်မှတ်ထားချက်ကို ပြင်ဆင်သင့်ပြီလို့ ယူဆမိပါတယ်။ ပြင်ဆင်မှုလည်း သင့်တော်မည်လို့ ထင်မြင်မိပါတယ်။ သို့ပါ၍ ဝန်ထမ်းများရဲ့ပင်စင်လစာငွေ ခံစားရရှိမှု ပမာဏသည် တိုးမြှင့်ထားသည်ဖြစ်တဲ့အတွက် တစ်လုံးတည်းပင်စင်လဲလှယ်ခွင့်ကို ခွင့်ပြု လျက်ရှိနေပါက ကျပ် ၅၀ ထက်မပိုစေရပါဟူသော သတ်မှတ်ထားချက်နှင့်ပတ်သက်၍ မည်သို့ နားလည်ရမည်ကို ရှင်းလင်းပေးပါရန် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးရဲ့ မေးခွန်းကို ပြည်ထောင်စု ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒေါက်တာမောင်မောင်သိမ်းမှပဲ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုးစိုးရဲ့ မေးခွန်းဟာ အင်မတန်မှ မေးသင့်မေးထိုက်ပြီးတော့ စိတ်ဝင်စားစရာလည်း ကောင်းပါတယ်။ ဦးစိုးစိုးရဲ့ မေးခွန်း ကတော့ အငြိမ်းစားပင်စင်လစာကို လဲလှယ်ခွင့်ပြုပေမယ့် တစ်ဖက်ကလည်း ကျပ် ၅၀ ထက် မပိုစေရဆိုတဲ့ ပြဋ္ဌာန်းချက်နှင့်ပတ်သက်ပြီး မည်ကဲ့သို့ နားလည်ရမည်ဆိုတာကို မေးမြန်းထားတာ ဖြစ်ပါတယ်။ အဆိုပါပြဋ္ဌာန်းချက်ကလည်းပဲ တော်တော်ကို ကသိကအောက် ရှေ့နောက်မညီတဲ့ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက် ဘယ်ကလာပါသလဲဆိုရင် မြန်မာနိုင်ငံရဲ့ ရှေးအကျဆုံးဥပဒေ ထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ၁၈၇၁ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့သော ပင်စင်အက်ဥပဒေရဲ့ အခန်း(၂) ပုဒ်မ ၁၀ ကနေပြီးတော့ လာတာဖြစ်ပါတယ်။ ပင်စင်လဲလှယ်ခွင့်နှင့်ပတ်သက်လို့ လဲလှယ်ခွင့်ပေးခြင်း အားဖြင့် ပင်စင်စားတွေရဲ့ ဘဝမှာ အခက်အခဲတွေ့နိုင်သလို ပင်စင်ရန်ပုံငွေမှာလည်း ထိခိုက်နိုင်တဲ့ အတွက်ကြောင့် အချို့နိုင်ငံများမှာတော့ မကျင့်သုံးတော့ကြောင်း တွေ့ရပါတယ်။ မြန်မာနိုင်ငံ

အနေနဲ့ကတော့ လောလောဆယ်မှာ ပင်စင်ရန်ပုံငွေထူထောင်ဖို့ကိစ္စတွေ ဆောင်ရွက်နေဆဲမှာတော့ ပင်စင်ရန်ပုံငွေအားလုံးကို နိုင်ငံတော်ကပဲ စိုက်ထုတ်ပေးနေတာ ဖြစ်ပါတယ်။ ပင်စင်စားအဟောင်း များရဲ့ ပင်စင်လစာကို တိုးမြှင့်ပေးခဲ့တဲ့အတွက်ကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပင်စင် အသုံးစရိတ်ဟာ ၂၄၀ ဘီလီယံခန့် ဖြစ်သွားပါတယ်။ ယမန်နှစ်ကထက်ကို ၆.၅ ဆပိုမိုကျော်လွန်သွား မှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ပင်စင်လဲလှယ်ခွင့်ကို ကျပ် ၅၀ ထက် မပိုရဘူးလို့ပြောတဲ့ အတွက်ကြောင့် လဲလှယ်သူမရှိတော့ပါဘူး။ တကယ်လို့များ ကျပ် ၅၀ အစား ကျပ် ၅၀၀၀ မြှင့်ကြည့် မယ်ဆိုလို့ရှိရင် ပင်စင်စားတစ်ဦးအတွက် လဲလှယ်ပေးရမည့်ငွေဟာ ၆ သိန်း ပတ်ဝန်းကျင်ဖြစ်သွားမှာ ဖြစ်ပါတယ်။ ယနေ့မြန်မာနိုင်ငံမှာ ပင်စင်စားဦးရေဟာ ၇ သိန်းခန့် ရှိပါတယ်။ အဲ့ဒီ ၇ သိန်းထဲက တစ်သိန်းကပဲ လဲလှယ်ခွင့်တောင်းရင်တောင်မှ နိုင်ငံတော်အနေနဲ့ ၆၀ ဘီလီယံ ထပ်မံသုံးစွဲရမှာ ဖြစ်ပါတယ်။ အဲဒီလိုသုံးစွဲမယ်ဆိုလို့ရှိရင် နောက်ဆက်တွဲ စီးပွားရေးအကျိုးသက်ရောက်မှုတွေ ဖြစ်လာ နိုင်တဲ့အနေအထား ရှိပါတယ်ခင်ဗျား။ ထို့ကြောင့် နောင်ရေးဆွဲမယ့် ပင်စင်နည်းဥပဒေမှာတော့ ပင်စင် လဲလှယ်ခွင့်ကို ပယ်ဖျက်သွားမှာ ဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ထမ်း ပင်စင်စားများအနေနဲ့ကတော့ ပင်စင်လဲလှယ်ခွင့်ကိုတော့ ၄-၄-၂၀၀၀ ထဲက ပယ်ဖျက်ထားပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဂုတ်တွင်းကားလမ်းတွင် တောင်နှစ်လုံးဆက်သွယ်သည့် တံတားကြီးဆောက်လုပ်မည့် အစီအစဉ်ရှိ၊ မရှိနှင့် ဆောက်လုပ်ရန် အစီအစဉ်ရှိပါက မည်သို့ စီမံဆောင်ရွက်ထားသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ မန္တလေး-လားရှိုး-မူဆယ်ကားလမ်းပေါ်မှာရှိတဲ့ ကျောက်မဲမြို့နယ်အတွင်း ဂုတ်တွင်းအတက်အဆင်း ကားလမ်းပိုင်းဟာ တစ်ဆစ်ချိုးအကွေ့အကောက်အလွန်များပြားပြီးတော့ မတ်စောက်တဲ့ အတက် အဆင်းလမ်းပိုင်းဖြစ်ပါတယ်။ ယခုအခါ ကုန်စည်သယ်ယူပို့ဆောင်မှုမှာ ပေ ၄၀ ကျော်ရှည်လျားတဲ့ ၂၂ ဘီး ကုန်တင်တွဲယာဉ်များကို များစွာအသုံးပြုလာတဲ့အတွက်ကြောင့်မို့လို့ အသုံးပြုလာတဲ့အပြင် တိုးဂိတ်များမှ ရရှိခဲ့တဲ့ မှတ်တမ်းများအရ နေ့စဉ် ယာဉ်ကြီး၊ ယာဉ်ငယ် ၁၀၀၀ ကနေပြီးတော့ ၁၈၀၀ အကြား ဖြတ်သန်းသွားလာနေတဲ့အတွက်ကြောင့်မို့လို့ လမ်းကြောပိတ်ဆို့မှုနှင့် ယာဉ်မတော်တဆမှု

တွေများစွာဖြစ်ပွားနေတာကို တွေ့ရှိရပါတယ်။ ထိုပြဿနာတွေ ပြေလည်စေရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန် သွက်လက်စေဖို့အတွက် ဂုတ်တွင်းအကြားတောင်နှစ်လုံးကို ဆက်သွယ်ပြီးတော့ အရှည်ပေ ၂၀၀၀ ခန့်ရှိမယ့် ၂ လမ်းသွား တံတားကြီးတစ်ခု တည်ဆောက်နိုင်မယ်ဆိုရင်တော့ အဆင်ပြေမယ်လို့ ထင်မြင် ယူဆပါတယ်။ ထိုသို့ တံတားဆောက်လုပ်ဖို့အတွက် ပြည်ပနိုင်ငံ နှစ်နိုင်ငံကလည်း စိတ်ဝင်စားပြီးလာရောက်လေ့လာမှုရှိခဲ့ကြောင်း သိရှိရပါတယ်။ ဒါကြောင့် ဂုတ်တွင်းကားလမ်းမှာ တောင်နှစ်လုံးဆက်သွယ်တဲ့ ထိုကဲ့သို့သော တံတားတည်ဆောက်မယ့် အစီအစဉ်ရှိ၊ မရှိနှင့် ဆောက်လုပ်ရန် အစီအစဉ်ရှိပါက မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)** ။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ အထူးဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ မူဆယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်မှ ပြည်သူ့လွှတ်တော်အစည်းအဝေးကို မေးမြန်းထားတဲ့ ကျောက်မဲမြို့နယ်အတွင်းရှိ ဂုတ်တွင်းကားလမ်းမှာ တောင်နှစ်လုံးဆက်သွယ်တဲ့ တံတားကြီးဆောက်လုပ်မည့်အစီအစဉ်ရှိ၊ မရှိနှင့် ဆောက်လုပ်ရန် အစီအစဉ်ရှိပါက မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားခွင့်ပြုပါခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်နှင့် နောင်ချိုမြို့နယ် အစပ်မှာရှိတဲ့ မန္တလေး-လားရှိုး-မူဆယ်ကားလမ်းပေါ်မှာရှိတဲ့ ဂုတ်တွင်းအပိုင်းဟာ အတက်အဆင်းများပြီးတော့ တစ်ဆစ်ချိုးအကွေ့အကောက်များတဲ့ အပိုင်းဖြစ်ပါတယ်။ ဒ့ါအပြင် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း ကုန်စည်သယ်ယူပို့ဆောင်ရာမှာလည်း ပေ ၄၀ ကျော်တဲ့ ၂၂ ဘီး ကုန်တင်ယာဉ်များ အသုံးပြုနေကြတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီလမ်းကို ကျွန်တော်တို့အနေနဲ့ နေ့စဉ်ပျမ်းမျှယာဉ်

သွားလာမှုနှုန်း AADT (Annual Average Daily Traffic) ကို ကောက်ယူတဲ့အခါမှာ ယာဉ်ကြီး ယာဉ်ငယ် စုစုပေါင်း ၂၃၀၀ ခန့် ဖြတ်သန်းသွားတယ်ဆိုတာကို စာရင်းများအရ သိရှိရပါတယ်။ ဒါကြောင့်မို့ ဒီလမ်းပေါ်မှာလည်း လမ်းကြောပိတ်ဆို့မှု၊ ယာဉ်မတော်တဆဖြစ်မှုများ ဖြစ်ပေါ်နေပါတယ်။

အဲဒီပြဿနာတွေကို ပြေလည်စေဖို့ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ တောင်နှစ်လုံးကြားကိုဆက်သွယ်ပေးမယ့် တံတားတစ်စင်းတည်ဆောက်နိုင်ဖို့ရန် စီစဉ်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်း နိုင်ငံခြားမှ အဖွဲ့နှစ်ဖွဲ့ကလည်း စိတ်ဝင်စားစွာလာရောက်ပြီးတော့ စူးစမ်းလေ့လာလျက်ရှိပါတယ်။ ဒီအဖွဲ့များကတော့ ဂျပန်နိုင်ငံက IDI ဆိုတဲ့ Infrastructrue Development Institution အဖွဲ့ ဖြစ်ပြီးတော့ သူကလည်း ပဏာမလေ့လာမှုများကို ၂၀၁၂ ခုနှစ် ဇွန်လအတွင်းက ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် ဂုတ်တွင်းကို ဆင်းသွားတဲ့အခါမှာ လှမ်းမြင်နေရတဲ့ အပေါ်က ဂုတ်ထိပ်တံတားကြီးကို အရင်ကတည်ဆောက်ခဲ့တဲ့ အင်္ဂလန်နိုင်ငံက HPr (High-Point Rendek) ကုမ္ပဏီကလည်း စိတ်ဝင်စားစွာနဲ့ ကမ်းလှမ်းလာပြီးတော့ ပဏာမလေ့လာမှုများကို စူးစမ်းလျက်ရှိပါတယ်။ အဲဒီတော့ ဒီတောင်နှစ်လုံးကို ဆက်သွယ်တဲ့အခါမှာ မတ်စောက်တဲ့ချောက်ကိုဖြတ်ပြီး ဆောက်ရမှာဖြစ်တဲ့အတွက် တံတားတိုင်တွေရဲ့ အမြင့်ဟာလည်း ပေ ၃၀၀ လောက်မြင့်တဲ့အပြင် ပေ အရှည်ကလည်း ပေ ၂၀၀၀ ကျော်လောက်တည်ဆောက်ရမှာဖြစ်တဲ့အတွက် မြေပြင်အနေအထားနဲ့ သင့်တော်တဲ့ ကြိုးဆိုင်းတံတားအမျိုးအစား (Cable stayed bridge) ကိုတည်ဆောက်ရမှာ ဖြစ်ပါတယ်။ အဲဒီတံတားကို တည်ဆောက်မယ်ဆိုရင် သံပေါင်များဝယ်ဖို့အတွက် ခန့်မှန်းကုန်ကျငွေ အမေရိကန် ဒေါ်လာ ၄.၈ သန်း ကုန်ကျမှာဖြစ်ပြီးတော့ အောက်ခြေအုတ်မြစ်နဲ့ တံတားတိုင်များ တည်ဆောက်ဖို့အတွက် မြန်မာငွေ ၁၁.၂၅ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ကြောင်းကို တွက်ချက်ထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ မန္တလေး-လားရှိုး-မူဆယ် လမ်းပေါ်မှာရှိတဲ့ ဂုတ်တွင်းတံတားဆောက်လုပ်ရန်အတွက် နိုင်ငံခြားပညာရှင်များရဲ့ ပဏာမလေ့လာစူးစမ်းမှုများ (Feasibility Study)များကို အခြေခံပြီးတော့ ကျွန်တော်တို့အနေနဲ့ ထပ်မံတွက်ချက်စစ်ဆေးပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့ တင်ပြပြီးတော့ ဒီတံတားကြီးတည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်း တစ်ဖက် ၃ ပေအကျယ် အမာခံလမ်း ပခုံးတိုးချဲ့ဆောင်ရွက်ပေးနိုင်ပါရန်နှင့် တံတားအမှတ် (၃/၅၁) ခိုနားလီတံတားနှင့် တံတားအမှတ် (၁/၂၄) နမ့်ဘေလီတံတားတို့အား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ပါရန်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုင်းရယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်(ခ) ဦးစိုင်းဟပ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းမှာရှိတဲ့ မယ်ဟန်-မိုင်းရယ်-ကျေးသီး ကားလမ်းပိုင်းဟာ မော်တော်ယာဉ်များ သွားလာမှုများပြားလာခြင်း နေ့စဉ်ကုန်တင်ယာဉ်ကြီးများသွားလာမှု ပိုမိုများပြားလာရာ အချို့သောကားလမ်းပိုင်းများ ကျဉ်းမြောင်းသဖြင့် ယာဉ်ကြီးများရှောင်တိမ်းမှုခက်ခဲခြင်း၊ အန္တရာယ်များခြင်းအပြင် မယ်ဟန်-မိုင်းရယ်-ကျေးသီး ကားလမ်းပိုင်းမှာရှိတဲ့ နမ့်တံတားနှင့် ခိုနားလီတံတား ၂ စင်းမှာလည်း ယိုယွင်းပျက်စီးလျက်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ (က) မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းအပိုင်းရှိ မိုင် ၂၃/၂ မှ ၃၀/၂ အထိ ၇ မိုင်နှင့် ၄၂/၀ မှ ၄၇/၀ အထိ ၅ မိုင် လမ်းအပိုင်းတို့အား တစ်ဖက် ၃ ပေအကျယ် အမာခံလမ်းပခုံး တိုးချဲ့ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးနိုင်မှုအခြေအနေကို သိရှိလိုပါတယ်။ (ခ) မယ်ဟန်-မိုင်းရယ်-ကျေးသီး လမ်းတံတားအမှတ် (၃/၅၁) ခိုနားလီတံတား သံပေါင်သစ်သားကြမ်းခင်းတံတားအား သံကူကွန်ကရစ်တံတားတည်ဆောက်ပေးနိုင်ပါရန်နှင့် တံတားအမှတ် (၁/၂၄) နမ့်ဘေလီတံတားအား သံကူကွန်ကရစ်တံတားတည်ဆောက်ပေးနိုင်ပါရန် ဆောင်ရွက်ပေးနိုင်မှုအခြေအနေကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်မှ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းထားတဲ့ မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်း မိုင် ၂၃/၂ ကနေ ၃၀/၂ ထိ ၇ မိုင်နှင့် ၄၂/၀ ကနေ ၄၇/၀ ထိ ၅ မိုင် စုစုပေါင်း ၁၂ မိုင်ကို တစ်ဖက် ၃ ပေအကျယ်နှင့် အမာခံလမ်းပခုံးတိုးချဲ့ဆောင်ရွက်ပေးပါရန်နှင့် တံတားအမှတ် (၃/၅၁) ခိုနားလီတံတားအား သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန်နှင့် တံတားအမှတ် (၁/၂၄) နမ့်ဘေလီတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အခြေအနေ ကို သိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ပထမ အပိုင်း ဖြစ်တဲ့လမ်းကိစ္စကို ကျွန်တော် ဦးစွာရှင်းလင်းတင်ပြပါမယ်။ မိုင်းရယ်မြို့နယ်အတွင်းမှာရှိတဲ့ မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းဟာ မိုင် ၂၃/၂ ကနေပြီးတော့ ၇၁/၀ ထိ ၄၇ မိုင် ၆ ဖာလုံရှိပြီးတော့ ကတ္တရာလမ်းအမျိုးအစားအဆင့် ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စု ငွေလုံးငွေရင်းဖြည့်စွက်ရန်ပုံငွေ ၅၃.၇၄ သန်းခွဲဝေရရှိပြီးတော့ ဟိုယရွာကနေ မိုင် ၄၁/၀ မှ ၄၂/၀ ထိ ၁ မိုင်ကို ၁၂ ပေအကျယ် ကတ္တရာလမ်းအဆင့်အထိ တစ်ဖက် ၃ ပေစီချဲ့ပြီးတော့ ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနဲ့ အမာခံလမ်းပခုံး ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ထားပြီး ဖြစ်ပါ တယ်။ ဒါ့အပြင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာပဲ အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ ၅၂၆.၁၆ သန်းနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ လုပ်ငန်းများဖြစ်တဲ့ မိုင် ၂၃/၂ မှ ၃၀/၂ အထိ ၇ မိုင်နှင့် မိုင် ၄၂/၀ မှ ၄၇/၀ ထိ ၅ မိုင်၊ စုစုပေါင်း ၁၂ မိုင်ကို တစ်ဖက် ၃ ပေအကျယ် အမာခံလမ်း လမ်းပခုံးလုပ်ငန်း ဆောင်ရွက်မည့်အပြင် လက်ရှိရှိနေတဲ့ကတ္တရာလမ်းကိုလည်း လမ်းပေါက်များ ဖာထေးပြီးတော့ ကတ္တရာရေပိတ်လွှာ တည်ဆောက်ခြင်းလုပ်ငန်းကိုပါ ၁၂ မိုင် ဆောင်ရွက်ပေးမှာ ဖြစ်ကြောင်းရှင်းလင်းတင်ပြအပ်ပါတယ်။

ဒုတိယအပိုင်းဖြစ်တဲ့ တံတားအမှတ် (၃/၅၁) ခိုနားလီတံတား သံပေါင်သစ်သားကြမ်းခင်း တံတားကို သံကူကွန်ကရစ်တံတားတည်ဆောက်ပေးရန်နှင့် တံတားအမှတ် (၁/၂၄) နမ့်ဘေလီတံတား ကို သံကူကရစ်တံတားအဖြစ် တည်ဆောက်ပေးပါရန် ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းဖြေကြား မှာ ဖြစ်ပါတယ်။ မိုင်းရယ်မြို့နယ်မှာရှိတဲ့ မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းပေါ်မှာရှိတဲ့ တံတားအမှတ် (၃/၅၁) ပေ အရှည် ၈၀ ရှိတဲ့ ခိုနားလီတံတားဟာ လက်ရှိတံတားအောက်ထည်မှာ ကျောက်စီကမ်း ကပ်ခုံနှင့် သစ်သားရေလယ်တိုင်ဖြစ်ပါတယ်။ တံတားအပေါ်မှာတော့ အာရ်ပီတီသံပေါင်နှင့် သစ်သား ကြမ်းခင်းအမျိုးအစားဖြစ်ပါတယ်။ တံတားအမှတ် (၁/၂၄) ၁၂၀ ပေ အရှည်ရှိတဲ့ နမ့်ဘေလီတံတား

ကတော့ လက်ရှိတံတားအောက်ထည်မှာ ကျောက်စီကမ်းကပ်ခုံနှင့် ကျောက်စီရေလည်တိုင်ဖြစ်ပြီး တော့ တံတားအပေါ်မှာ ဘေလီသံပေါင်နှင့် သစ်သားကြမ်းခင်းဆောင်ရွက်ထားတဲ့ တံတားအမျိုးအစား ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဘီးလမ်းရဲ့ကြမ်းခင်းတွေကို လဲလှယ်ပြီးတော့ ဒီတံတားကြီး ကြံ့ခိုင်ကောင်းမွန်အောင် ယာဉ်များပုံမှန်သွားလာနိုင်အောင် ဆောင်ရွက်ထားရှိလျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တော်ကြီးတင်ပြသွားတဲ့ ခိုနားလီတံတားအား ၈၀ပေ×၂၄ပေ အကျယ်သံကူကွန်ကရစ်တံတားအဖြစ် လည်းကောင်း၊ နမ္မတံတားအား ၁၂၀ ပေအရှည်၊ ၂၄ ပေအကျယ် သံကူကွန်ကရစ်တံတားအဖြစ် လည်းကောင်း တည်ဆောက်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အထူးပြင်ဆင်ထိန်းသိမ်း ရေးရန်ပုံငွေဖြင့် စတင်ဆောင်ရွက်မှာဖြစ်ပြီးတော့ ၂၀၁၃-၂၀၁၄ ငွေလုံးငွေရင်းဖြည့်စွက်ရန်ပုံငွေကိုပါ ဆက်လက်တင်ပြတောင်းခံသွားပြီး ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း လေးစားစွာရှင်းလင်းတင်ပြအပ် ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ရန်ကုန်-မန္တလေးအမြန်လမ်းများတွင် ရပ်နား၊ စားသောက်နေရာများ တိုးချဲ့ဆောက်လုပ်ရေးနှင့် (Road Sign) လမ်းဘေးသတိပေးဆိုင်းဘုတ်များ အင်္ဂလိပ်စာဖြင့် ရေးသားထားရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည် များအားလုံး မင်္ဂလာအပေါင်းနှင့်ခညောင်းပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြ ပါစေလို့ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ဆွေးနွေး တင်ပြမှာကတော့ ရန်ကုန်-မန္တလေးအမြန်လမ်းမကိစ္စဖြစ်ပါတယ်။ ရန်ကုန်-နေပြည်တော် အမြန်လမ်းမ ဟာ မိုင် ၂၀၀ ကျော်ရှိပြီးတော့ အခု ဖွင့်လှစ်သွားလာနေသည်မှာ ၃ နှစ်ကျော်ရှိပါပြီ။ ထိုနည်းတူပဲ နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးလည်း တစ်နှစ်နီးပါးခန့် ဖွင့်လှစ်သွားလာလျက်ရှိပါတယ်။ ဒီလမ်းမကြီး ၂ ခုဟာ ကျွန်တော်တို့ ပြည်နယ်/တိုင်းဒေသကြီးများမှ လွှတ်တော်ကိုယ်စားလှယ်များနဲ့ လုပ်သားပြည်သူများ အချိန်တိုတိုနဲ့ ခရီးသွားလာလို့ရပြီဖြစ်ပါတယ်။ ဒီ ရန်ကုန်-မန္တလေးအမြန် လမ်းမကြီးကို ဖြစ်မြောက်အောင်၊ ပြီးစီးအောင်ဆောင်ရွက်ပေးခဲ့တဲ့ ယခင်အစိုးရနဲ့ ဆောက်လုပ်ရေး

ဝန်ကြီးဌာနတို့ကိုလည်း အထူးပဲကျေးဇူးတင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး အချိန်ကုန် သက်သာစွာနဲ့ ခရီးရောက်အောင် ဆောင်ရွက်ပေးခဲ့တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ဒီလမ်းမကြီးကို ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဦးဆောင်ပြီးတော့ တိုင်းရင်းသားကုမ္ပဏီများနဲ့ အပိုင်းလိုက်ခွဲပြီးတော့ ဖောက်လုပ်ခဲ့ကြကြောင်း ကြားသိရပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသွားလာ နေကြရာမှာ ရန်ကုန်-မန္တလေးအမြန်လမ်းမတစ်လျှောက် ထပ်မံလုပ်ဆောင်စရာတွေ၊ ပြုပြင်စရာတွေ အများကြီးရှိနေကြောင်း တွေ့မြင်ရပါတယ်။ အကျဉ်းချုံးပြီးဖော်ပြရရင် အမြန်လမ်းမကြီးတစ်လျှောက် ဘေးဘယ်ညာ အားလုံးကာရံထားမှုမရှိခြင်း၊ ရပ်နားစားသောက်ဆိုင်များကို မိုင် ၅ဝ အကွာတွင် ဆောက်လုပ်ပေးထားမှုမရှိခြင်း၊ လမ်းဘေးသတိပြုဆိုင်းဘုတ်များကို မြန်မာဘာသာဖြင့်သာရေးသားပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးသားမှုမရှိခြင်းနှင့် ကွန်ကရစ်လမ်းဖြစ်၍ ညီညာမှုမရှိသည့်အပြင် ကားတာယာများ ကြာရှည်ခံနိုင်မှုမရှိခြင်းစသည်တို့ကို တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တကယ် ရန်ကုန်-မန္တလေးအမြန်လမ်းမှာ လူ၊ တိရစ္ဆာန်နှင့် ယာဉ်များ အားလုံး လုံးဝဖြတ်သန်း၍မရအောင် အကာအရံအတားအဆီးရှိရမှာ ဖြစ်ပါတယ်။ နိုင်ငံခြားသားတချို့ အခုဆိုလို့ရှိရင်အမြန်လမ်းမမှာ ကိုယ်တိုင်မောင်းနှင်ခြင်းမျိုးရှိလာပါတယ်။ ထိုသို့ မောင်းနှင်တဲ့အခါ မှာ ဖြတ်သန်းသွားလာတဲ့ လူ၊ တိရစ္ဆာန်များကို တိုက်ခိုက်မိပါက မောင်းနှင်သူမှာ တာဝန်မရှိပါ။ တိုက်ခိုက်ခံရသူ၌သာ တာဝန်ရှိပါသည်။ ထိုသို့ မတော်တဆတိုက်ခိုက်မှုဖြစ်ပါက အနီးအနားမှာရှိတဲ့ ပြည်သူ့ရဲနဲ့ ရပ်ကျေးအုပ်ချုပ်သူများက ယာဉ်မောင်းသူအပေါ်၌ တာဝန်ရှိသည်ဟု မှားယွင်းစွာ စွပ်စွဲလာတတ်ပါတယ်။ ဒီကိစ္စယာဉ်မောင်းသူနိုင်ငံခြားသားကလည်း ကျွန်တော်တို့ လူ၊ ယာဉ်များ စည်းကမ်းမရှိ၍ ဖြစ်ရတဲ့အတွက်ကြောင့် လုံးဝကျေနပ်မှုမရှိကြောင်းကို ကြားသိနေရပါတယ်။ ၎င်းအပြင် ကျွန်တော်တို့ရဲ့ မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများ၊ စက်ဘီးများ လမ်းပြောင်းပြန် မောင်းနှင်ခြင်း၊ လမ်းဟိုဘက်ဒီဘက်ဖြတ်ကူးခြင်းများကြောင့် မတော်တဆတိုက်ခိုက်မှုများလည်း မကြာခဏဖြစ်နေကြောင်းကိုလည်း ကြားသိနေရတဲ့အတွက် လမ်းမကြီးရဲ့ ဘယ်ဘက်ညာဘက်ကို လည်း အကာအရံများ ပြည့်စုံစွာ ဆောက်လုပ်ကာရံပေးထားသင့်ကြောင်း တင်ပြအပ်ပါတယ်။ ဒီအတွက်လည်း ယခုနှစ်ဘတ်ဂျက်မှာ ကာရံဖို့အတွက် ချထားပေးတာကိုလည်းတွေ့ရတဲ့အတွက် ကြောင့် အမြန်ဆုံးအကောင်အထည်ဖော်ပေးပါလို့ ထပ်မံတင်ပြလိုပါတယ်။ ဒုတိယအချက်ကတော့ မော်တော်ယာဉ်ကားကြီး၊ ကားငယ်များဟာ ရန်ကုန်-မန္တလေး-နေပြည်တော်၊ ရန်ကုန်-နေပြည်တော် ၁၁၅ မိုင်စခန်းနဲ့ နေပြည်တော်-မန္တလေး ၈၅ မိုင်တို့၌သာ ရပ်နားစားသောက်၊ အပေါ့၊ အလေးသွား

ကြရပါတယ်။ ယခုကဲ့သို့ ခရီးမိုင်ရှည်လျားစွာဖြင့် သွားလာရတဲ့အခါမှာ လူကြီးများနဲ့ ကလေးများအတွက် အပေါ့၊ အလေးသွားရန် အခက်အခဲရှိနေကြပါတယ်။ ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-မန္တလေးအမြန် လမ်းမတစ်လျှောက် မိုင် ၅၀ စီအကွာမှာ ကားများရပ်နားရာနှင့် အစားအသောက်ဆိုင်များ၊ ကျန်းမာရေးလေ့ကျင့်စခန်းပိုက်လိုင်းများ ပြုလုပ်ပေးထားသင့်ပါတယ်။ ထိုသို့ ခရီးသွားယာဉ်များဟာ လမ်းမရဲ့ ဘယ်ညာအသွားအပြန် ကားလမ်းရဲ့ ညာဘက်တွင် ရပ်နားစားသောက်ပြီး ညာဘက်အတိုင်း ဆက်လက်ထွက်ခွာသွားကြရန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံခြားသားခရီးသည်များလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာ၍လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ အရှေ့တောင်အာရှ SEA Game အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံသို့ရောက်ရှိလာမည့်နိုင်ငံခြားသားများအားလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းမဘေး ဘယ်ညာတစ်လျှောက် မြန်မာဘာသာဖြင့် သတိပေးဆိုင်းဘုတ်များအပြင် ကမ္ဘာသုံးအင်္ဂလိပ်ဘာသာအဖြစ်လည်း Road Sign များကို ရေးသားထားပေးပါက အလွန်ပင် လျော်ကန်သင့်မြတ်မည်ဟု ထင်မြင်မိပါတယ်ခင်ဗျား။ နောက်ဆုံးအချက်အနေနဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက် ကွန်ကရစ်လမ်းဖြင့်ခင်းထားသည်မှာ ညီညာမှုမရှိတဲ့အပြင် တံတားများကို ဖြတ်ကျော်ရာတွင် ဒုံး၊ ဒိုင်းမည်ပြီးတော့ အသံများလည်း အလွန်အမင်း ဆူညံပါတယ်။ ရန်ကုန်မှ နေပြည်တော်သို့ ၈၅ မိုင် မိုင်တိုင်အထိ ကွန်ကရစ်လမ်းခင်းထားခြင်းသည် အလွန်ပင်ဆိုးရွားနေပါသည်။ ကားတာယာများလည်း သက်သာစေရန်အတွက် ကတ္တရာထပ်ပိုးလွှာများကို အမြန်ဆုံးထပ်မံခင်းသင့်ပါကြောင်း ဒီအချက်အနေနဲ့ ကျွန်တော်တို့ ဒီဘတ်ဂျက်ပေးထားတဲ့ဥစ္စာမှာ တွေ့မြင်ရတဲ့အတွက်ကြောင့် အမြန်ဆုံးအကောင်အထည်ဖော်ရန်အတွက် ထပ်မံပြီးတော့ အကြံပြုတိုက်တွန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဦးအောင်စိန်မှ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းထားတဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှာ ရပ်နားစားသောက်နေရာများ တိုးချဲ့ဆောက်လုပ်ရေးနဲ့ Road Sign လမ်းဘေးသတိပေးဆိုင်းဘုတ်များ အင်္ဂလိပ်စာဖြင့် ရေးသားထားရေးနှင့်စပ်လျဉ်းသည့် မေးခွန်းအား

ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ယခုလို မေးခွန်းကို မေးမြန်းပေးတဲ့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်အား အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ ဦးအောင်စိန်တင်ပြသွားတဲ့ ကိစ္စရပ်များဟာ ကျွန်တော်တို့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှာ မဖြစ်မနေဆောင်ရွက်ရမယ့်ကိစ္စရပ်များအားလုံးဖြစ်ပါတယ်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဟာ ရန်ကုန်ကနေ မန္တလေးအထိ မိုင်ပေါင်း ၃၆၆ မိုင် ၃ ဖာလုံရှိပါတယ်။ ဒီလုပ်ငန်းကို ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာလည်းပဲ ကျွန်တော်တို့ဟာ လုပ်ငန်းကိုပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါဘူး။ ကွန်ကရစ်ခင်းပြီး အမှန်တကယ်က အရပ်အခေါ်နိုင်လွန်ကတ္တရာ A.C ကို ကျွန်တော်တို့ အပေါ်ကတင်ရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားများ အမြန်ဆုံးအသုံးပြုနိုင်ရန်အတွက် ရည်ရွယ်ပြီးတော့ ကျွန်တော်တို့ လမ်းကို ဖွင့်ပေးပြီးတော့ ကွန်ကရစ်လမ်းအဆင့်နဲ့ပဲ လမ်းဖွင့်ပေးလိုက်တဲ့အတွက် ကွန်ကရစ်လမ်းတို့ရဲ့ သဘာဝအတိုင်း မော်တော်ကားရဲ့တာယာပွတ်စားခြင်းမျိုး ဖြစ်ပြီးတော့ ဒီအပေါ်မှာ အခက်အခဲဖြစ်နေ တယ်ဆိုတာကိုလည်းပဲ ကျွန်တော်တို့ သိရှိပါတယ်။ ဒါနဲ့ ပတ်သက်လို့လည်း ကျွန်တော်တို့ မိုင်ဟာ ၃၆၆ မိုင် ၃ ဖာလုံဖြစ်တဲ့အတွက် အင်မတန်ရှည်လျားတာကြောင့် အဆင့်လိုက် အဆင့်လိုက် ကျွန်တော် တို့ ဒါ A.C ခေါ်တဲ့ ဒီနိုင်လွန်ကတ္တရာကို ခင်းပြီးဆောင်ရွက်မှာ ဖြစ်ပါကြောင်း တင်ပြပါတယ်။ ဆိုတော့ ဒီမှာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှာ ရပ်နားစားသောက်ရန်အတွက် လက်ရှိအသုံးပြုနေတာက တော့ ရပ်နားစခန်း ၂ နေရာပဲဖြစ်ပါတယ်။ အဲဒီ ၂ နေရာကတော့ မိုင်တိုင် ၁၁၅ မှာရှိတဲ့ တစ်နေရာနဲ့ မိုင်တိုင် ၂၈၅ မိတ္ထီလာဘက်အဝင်မှာရှိတဲ့ နေရာတို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အနေနဲ့ ဆက်လက်ပြီးတော့ နောက်ထပ်နေရာ ၃ ခု ကျွန်တော်တို့ ဆောင်ရွက်ဖို့ ရည်ရွယ်ထားပါတယ်။ အဲဒါတွေကတော့ (၁) ရန်ကုန်-နေပြည်တော်အပိုင်းမှာ မိုင်တိုင် ၃၉ နဲ့ ၃၉/၃ အကြားမှာရှိတဲ့ ဘောနပ်ကြီးစခန်းဖြစ်ပါတယ်။ (၂) ရန်ကုန်စီလမ်းဆုံမှာရှိတဲ့ အပိုင်းမှာ နေပြည်တော်စီလမ်းဆုံမှာရှိတဲ့ မိုင်တိုင် ၂၀၅ ကနေ ၂၀၇ မှာရှိတဲ့ စီလမ်းဆုံစခန်းဖြစ်ပါတယ်။ (၃)ကတော့ မန္တလေး-နေပြည်တော် အပိုင်းမှာ မိုင်တိုင် ၃၅၂ နဲ့ ၃၅၂/၄ ကြားမှာရှိတဲ့ စကားအင်းယာဉ်ရပ်နားစခန်းတို့ကို ကျွန်တော်တို့ ဆက်လက်ပြီးတော့ တည်ဆောက်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း ခရီးသည်များအတွက် မိုင် ၅၀ ခန့် အကွာအဝေးမှာ ကျန်းမာရေးအတွက် Toilet များကိုလည်း အသွားအပြန် လမ်းတစ်လျှောက်

အမြန်ဆုံးတည်ဆောက်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒီအပြင် ဒီလမ်းဟာ ဘေးကနေပြီးတော့ ကာရံထားရမယ်ဆိုတာလည်း ကျွန်တော်တို့ သဘောပေါက်ပါတယ်။ နိုင်ငံတကာမှာလည်းပဲ ဒီလို Express Highway တွေမှာ အမြန်လမ်းမကြီးတွေမှာ ဘေးနှစ်ဖက်ကို ကာရံထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဘေးနှစ်ဖက်ကို ကာရံမယ်ဆိုရင် ကျွန်တော်တို့ ကာရံရမယ့် မိုင်ပေါင်းဟာ အသွားအပြန် ၇၃၂ မိုင်နဲ့ ၆ ဖာလုံရှိပါတယ်။ ဒါကိုလည်းပဲ စီမံချက်ချပြီးတော့ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နှစ်အလိုက်စီမံချက်ရေးဆွဲပြီး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနဲ့ တင်ပြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက် လမ်းဘေးမှာရှိတဲ့ သတိပေးဆိုင်းဘုတ်၊ အသိပေးဆိုင်းဘုတ်၊ လမ်းညွှန်ဆိုင်းဘုတ်စတဲ့ ဒီဆိုင်းဘုတ်သုံးမျိုးကိုလည်းပဲ မြန်မာလိုရေးသားထားတဲ့အပြင် အင်္ဂလိပ်ဘာသာနဲ့ ရေးသားထားဖို့လည်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ကိစ္စရပ်များအားလုံးဟာ ကျွန်တော်တို့ ဆောင်ရွက်ရမယ့်ကိစ္စရပ်များ ဖြစ်ပါကြောင်း လေးစားစွာ တင်ပြရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ရန်ကုန်-ပြည် မော်တော်ကားလမ်းပိုင်းအား လိုအပ်ချက်အရ အလျင်အမြန်တိုးချဲ့ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ဇီးကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ဇီးကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်သူများ၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးပြည်သူများ ကူးသန်းသွားလာမှု အဆင်ပြေချောမွေ့စေရန်နှင့် ယာဉ်မတော်တဆမှု ထိခိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန် ပြည်သူများ၏ လိုလားတောင့်တချက်အရ မေးမြန်းသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ရန်ကုန်-ပြည်မော်တော် ကားလမ်းဟာ

မြန်မာနိုင်ငံမှာ ပထမဦးဆုံး စတင်ဖောက်လုပ်ခဲ့တဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ လက်ရှိအနေအထားမှာ ရန်ကုန်-လက်ပံတန်းလမ်းအပိုင်းမှာ ၂၂ ပေကျယ်ဝန်းပြီးတော့ လက်ပံတန်း-ပြည်လမ်းပိုင်းမှာ ၁၈ ပေကျယ်ဝန်းပါတယ်။ ယနေ့အနေအထားမှာ နိုင်ငံတော်မှ မော်တော်ယာဉ်များတင်သွင်းခွင့်ပေးပြီးနောက်ပိုင်းမှာ ခရီးသည်တင်ယာဉ်ကြီးများ အသွားအပြန် တစ်စီးနှင့်တစ်စီး ယှဉ်ပြိုင်ရှောင်ကြရာမှာ အင်မတန်အန္တရာယ်ကြီးမားစွာ သွားလာနေကြသည်မှာ နေ့စဉ်နှင့်အမျှ ဖြစ်ပါတယ်။ အထူးသဖြင့် ခရီးသည်တင်ကားကြီးများမှာ ပြည်သူများစီးနင်းလာပြီဖြစ်ရာ ခရီသည်တင်ကားကြီးများနှင့် ကုန်တင်ယာဉ်များ၊ ၁၂ ဘီးယာဉ်များ၊ လောင်စာဆီတင်ယာဉ်ကြီးများ သံချောင်းများတင်ဆောင်ထားသည့် ဝန်တင်ယာဉ်ကြီးများ ရှည်လျားမှုကြောင့် တစ်စီးနှင့် တစ်စီးအရှိန်ဖြင့် ရှောင်တိမ်းကြရာမှာ လမ်းကျဉ်းမြောင်းပြီး လမ်းပခုံးညီညာမှုမရှိခြင်းတို့ကြောင့် အင်မတန် အန္တရာယ်ကြီးမားစွာသွားလာမောင်းနှင်နေကြရပါတယ်။ ယာဉ်မတော်တဆမှုအများဆုံး ဖြစ်ပွားတဲ့တိုင်းများမှာလည်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအပါအဝင် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများ ယာဉ်မတော်တဆမှုမှ ကင်းဝေးစေရေးအတွက် ပြည်သူများရဲ့ လိုလားတောင့်တချက်အရ အောက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်း(၁) ရန်ကုန်-ပြည်မော်တော်ကားလမ်းပိုင်းအား လိုအပ်ချက်အရ အလျှင်အမြန်တိုးချဲ့ပေးရန် အစီအစဉ် ရှိ၊ မရှိသိလိုပါတယ်။ မေးခွန်း(၂) တိုးချဲ့ပေးရန်အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်မှ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းထားတဲ့ ရန်ကုန်-ပြည် မော်တော်ကားလမ်းအပိုင်းအား လိုအပ်ချက်အရ အလျှင်အမြန်တိုးချဲ့ပေးရန် အစီအစဉ် ရှိ၊ မရှိနဲ့ တိုးချဲ့ပေးရန်အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-ပြည်ကားလမ်းဟာ ရန်ကုန်-ပြည်-မကွေး အထိ မိုင်ပေါင်း ၃၄၀ မိုင် ၂ ဖာလုံခွဲ ရှည်လျားပြီးတော့ မက်စ်မြန်မာကုမ္ပဏီကနေပြီးတော့ ဘီအိုတီ စနစ်ဖြင့် ဆောင်ရွက်လျက်ရှိတဲ့ လမ်းဖြစ်ပါတယ်။ သို့သော်လည်း ဒီလမ်းရဲ့ မူလပိုင်ရှင်ဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနဖြစ်တဲ့အတွက် ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှာပဲ လုံးဝ တာဝန်ရှိတဲ့အတွက် ဒီမေးခွန်းကို ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့မိုင် ၂၂/၃ ကနေပြီးတော့ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်း မြို့နယ် မိုင် ၈၉ အထိဟာ ဒီလမ်းရဲ့ အကျယ်ဟာ ၂၂ ပေအကျယ် ရှိတာဖြစ်ပါတယ်။ ဒီလမ်းကိုလည်း ကျွန်တော်တို့ ၂၂ ပေအကျယ်ကနေပြီးတော့ ၂၄ ပေအကျယ်အထိချဲ့ပြီးတော့ လမ်းဘေး တစ်ဖက် တစ်ချက်မှာ အမာခံလမ်းပခုံးကို ၃ ပေစီနဲ့ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ ဒီအပြင် ပဲခူးတိုင်း ဒေသကြီး ၈၉ မိုင်၊ လက်ပံတန်းကနေပြီးတော့ ၁၇၈ မိုင် ပြည်အထိပိုင်းမှာလည်းပဲ လမ်းရဲ့အကျယ် ဟာ ကတ္တရာလမ်းအမျိုးအစား ၁၈ ပေဖြစ်ပြီးတော့ ဒီလမ်းကိုလည်းပဲ ကျွန်တော်တို့ ၂၄ ပေ အကျယ် ချဲ့ပြီးတော့ တစ်ဖက်ကို အမာခံလမ်းပခုံး ၃ ပေစီနဲ့ ဆောင်ရွက်ဖို့ မက်စ်မြန်မာကုမ္ပဏီကို ညွှန်ကြားတဲ့ အခါမှာ ကုမ္ပဏီကနေပြီးတော့ ဒီလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ စတင်ဆောင်ရွက်မှာ ဖြစ်ကြောင်း ကျွန်တော်တို့နဲ့ ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ ဒီ့အပြင် လမ်းချဲ့တဲ့အပိုင်း အားလုံးမှာလည်းပဲ အမာခံလမ်းပခုံးတွေကို ဆောင်ရွက်တဲ့အခါမှာ တစ်ဆင့်တစ်ဆင့်တက်ပြီး နောင်မှာကတ္တရာလမ်း အဆင့်အထိ ရရှိအောင် ဆောင်ရွက်ဖို့လည်း ညှိနှိုင်းထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်မြင့် တင်ပြ သွားတဲ့အတိုင်း ရန်ကုန်-ပြည်မော်တော်ကားလမ်းအပိုင်းဟာ လမ်းချောမွေ့စွာ သွားလာနိုင်ရေး အတွက် ပြင်ဆင်ထိန်းသိမ်းရေးနဲ့ တိုးတက်မှုလုပ်ငန်းများကို ဆောင်ရွက်မယ့်အပြင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ဇန်နဝါရီလ ၅ ရက်၊ ၆ ရက်နဲ့ ၇ ရက်နေ့ ခရီးစဉ်များမှာ ဇန်နဝါရီလ ၅ ရက်နေ့ ပဲခူးမြို့ကို ရောက်တဲ့ ခရီးစဉ်မှာ ပြည်သူ့ရဲ့ဆန္ဒကို ကြိုတင်မှန်းဆထားတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက ကျွန်တော်တို့ကို လမ်းညွှန်ခဲ့တာရှိပါတယ်ခင်ဗျား။ အဲဒါကတော့ ဒီ ရန်ကုန်-ပြည်-မကွေးလမ်းနဲ့ ရန်ကုန်-မန္တလေးလမ်းတွေကိုချဲ့ပေးဖို့ ကိစ္စဖြစ်ပါတယ်။ ဒီအပြင် အမြန်ဆုံးချဲ့ပေးဖို့ကိစ္စကတော့ ဒီလမ်းတစ်လျှောက်ကို ဖြတ်သန်းသွားတဲ့ မြို့ကြီးတွေမှာ မကြာခဏမတော်တဆမှုတွေဖြစ်နေတဲ့ အတွက်ကြောင့် မြို့တွင်းလမ်း တစ်မိုင်နှစ်မိုင်စသည်ဖြင့် မြို့အရှည်အလိုက်ကို ပေ ၃၀ အထိ ချဲ့ပေးဖို့ လမ်းညွှန်ခဲ့တဲ့အတွက် ဇန်နဝါရီလ ၁၅ ရက်နေ့ကနေ စတင်ပြီးတော့ သက်ဆိုင်ရာ ဘီအိုတီယူထားတဲ့

ကုမ္ပဏီများက စတင်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ မေးမြန်းဖြေကြားသွားတဲ့နေရာမှာ သာယာဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းရဲ့ မေးခွန်းကို ပို့ဆောင်ရေးဝန်ကြီးဌာနက ဖြေကြားတဲ့နေရာ မှာ ပေ ၉၀၀၀ ရှိတဲ့ မြစ်ကြောင်း ဖြောင့်ဖို့ကိစ္စမှာ ၁၁.၃ ဘီလီယံကုန်ကျမယ်ဆိုတဲ့ ဖြေကြားမှု ကြားလိုက်ပါတယ်။ တကယ်လို့ ဒီကိန်းဂဏန်းမှန်တယ်ဆိုလို့ရှိရင် ပေ ၉၀၀၀ ဖြစ်တဲ့အတွက် မိုင်နဲ့ တွက်မယ်ဆိုရင် ၁.၈ မိုင်ရှိပါတယ်။ ၁.၈ မိုင်ရှိတဲ့ မြစ်ကြောင်းဖြောင့်တဲ့နေရာမှာ ၁၁.၃ ဘီလီယံ ကုန်မယ်ဆိုတဲ့အတွက် တစ်မိုင်ကို ၆ ဘီလီယံလောက်ဖြစ်နေတာကို အကြမ်းဖျင်းစိစစ်တွက်ချက် လို့ရပါတယ်။ တကယ်လို့သာ အဲဒီကိန်းဂဏန်းမှန်မယ်ဆိုလို့ရှိရင်တော့ မိမိတို့ ဆောင်ရွက်ရမယ့် လုပ်ငန်းကို ကုန်ကျမယ့်ငွေနဲ့ အကျိုးဖြစ်ထွန်းမှုကိုလည်း ပြန်ချင့်ချိန်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တင်ပြဆွေးနွေးသွားတဲ့ ကိန်းဂဏန်းများ မှန်၊ မမှန်ပြန်စိစစ်ပြီး မြစ်ကြောင်းဖြောင့်ဖို့ လိုတယ်ဆိုလို့ ရှိရင်လည်း အမြန်ဆုံးဖြောင့်ပေးနိုင်ဖို့နဲ့ မလိုအပ်ဘဲ ကုန်ကျမှုမရှိစေရေးအတွက်လည်း သက်ဆိုင်ရာ ဌာနအသီးသီးက ဆောင်ရွက်ဖို့လိုကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြလိုပါတယ်။ တစ်ခါ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုးအမေးကို ဘဏ္ဍာအခွန်ဝန်ကြီးဌာနမှ ဒေါက်တာမောင်မောင်သိမ်းဖြေဆိုတဲ့ နေရာမှာ ဒီဥပဒေသည် ၁၈၉၇ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်တယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေပါ အကြောင်းအရာများ အပေါ်မူတည်ပြီးတော့ နည်းဥပဒေထပ်မံ ရေးဆွဲပြဋ္ဌာန်းဖို့ လိုတယ်။ ထိုအခါမှာ အခုလို တစ်လုံးတစ်ခဲတည်း ပြင်ဆင်ပေးမှုကို ဖျက်သိမ်းမယ်။ ဒီလိုတင်ပြဆွေးနွေးသွားပါတယ်။ သာမန်အားဖြင့် ကျွန်တော်တို့တစ်တွေ နားလည်လက်ခံရမှာက ဥပဒေပြုရေးအဖွဲ့အစည်းများသည် ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ပြီး အချင်းချင်းအပြန်အလှန်ထိန်းကျောင်း ပူးပေါင်းဆောင်ရွက်ဖို့ ကိုလည်း ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလို ဥပဒေများကို ပြန်လည်သုံးသပ်ပြီးတော့ နိုင်ငံနဲ့ ပြည်သူများအတွက် အမှန်တကယ်အကျိုးမရှိဘူး။ နိုင်ငံနဲ့ပြည်သူများအတွက် ကာကွယ် စောင့်ရှောက်မှုမရှိတဲ့ ဥပဒေများကို ပြင်ဆင်ဖို့၊ ပယ်ဖျက်ဖို့၊ အသစ်ပြဋ္ဌာန်းဖို့ ပြဋ္ဌာန်းဖို့က ကျွန်တော်တို့ လွှတ်တော်များရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဥပဒေတစ်ခု အစအဆုံး ပြင်ဆင်ဖို့ ဆိုရင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် နောက်ဆုံး လက်စွဲအထိကို ကျွန်တော်တို့ လွှတ်တော်တစ်နည်းအားဖြင့် ပြောရမယ် ဆိုရင် ဥပဒေပြုအဖွဲ့အစည်းများမှာ တာဝန်ရှိပါတယ်။ ဒါကြောင့်လည်း သက်ဆိုင်ရာလွှတ်တော်

ကော်မတီအသီးသီးကို ကျွန်တော် မကြာခဏတင်ပြပါတယ်။ ဒီကော်မတီများသည် လွှတ်တော်ကြီး ထဲက လွှတ်တော်အငယ်များ ဖြစ်တယ်။ ဒီကော်မတီများရဲ့ ဆောင်ရွက်ချက်သည် လွှတ်တော်ကို များစွာ အထောက်အကူပြုပါတယ်။ ဒါကြောင့် သက်ဆိုင်ရာကော်မတီအလိုက် တာဝန်ခံဆောင်ရွက်ရမယ့် ဥပဒေများကို ပြန်လည်လေ့လာသုံးသပ်ပြီး ဒီဥပဒေများက ထပ်ဆင့်ထွက်ပေါ်လာတဲ့ အခြားဥပဒေများ သည်လည်း မူလဥပဒေနဲ့ ညီညွတ်မှုရှိ၊ မရှိ ပြန်လည်စိစစ်ပြီးတော့ ဒီဥပဒေများကိုအစအဆုံး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်အထိ ပြန်လည် ဆန်းစစ်ဖို့လိုကြောင်း မညီမညွတ်ဖြစ်တဲ့အခါမှာ ခုနက ကျွန်တော်တို့ ဒီနေ့ လိုလားပြောဆိုနေတဲ့ ပြည်သူ့ဆန္ဒ ပြည်သူ့အကျိုးစီးပွားကို မဖော်ပြပေးနိုင်သလို ဥပဒေစိုးမိုးရေးဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အကြောင်း ကျွန်တော်တို့ ဒီလိုပဲ မကြာမကြာ ဆွေးနွေးလျက်ရှိပါတယ်။ ဒါကြောင့် မိမိတို့ ထုတ်ပြန်ထားတဲ့ဥပဒေတွေ သို့မဟုတ်လို့ရှိရင် ယခင်က ထုတ်ပြန်ထားတဲ့ဥပဒေတွေဟာ ကျွန်တော်တို့ နိုင်ငံတော်နဲ့ နိုင်ငံသားများ အကျိုးစီးပွားအတွက် မရှိတော့ဘူး။ မဖြစ်ထွန်းတော့ဘူးဆိုရင် ဒီဥပဒေ တွေကို ပယ်ဖျက်ဖို့နဲ့ အသစ်ပြဋ္ဌာန်းဖို့ ပြင်ဆင်ဖို့ ပယ်ဖျက်ဖို့ဖြစ်သလို ဆင့်ကဲ ဆင့်ကဲထွက်ပေါ်လာတဲ့ ဥပဒေများဟာလည်း ပြည်သူ့အကျိုး၊ အများအကျိုးအတွက် ဖြစ်မဖြစ်ဆိုတာကိုလည်း ကျွန်တော်တို့ ပြန်လေ့လာသုံးသပ်ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် ဒီအပိုင်းကိုလည်း ဒုတိယဝန်ကြီးတင်ပြချက်သည် ပယ်ဖျက်မယ်။ နည်းဥပဒေမှာ ပယ်ဖျက်မယ်ဆိုတဲ့ ကိစ္စဟာ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးတကယ် ဖြစ်၊ မဖြစ်ဆိုတာကို မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များက ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်ဖက်ကလည်း ဘဏ္ဍာရေးကလည်း အခက်အခဲရှိမယ်။ သို့သော် ဒီရှိတာကို ဘယ်လိုဖြေရှင်း ဆောင်ရွက်မယ်ဆိုတာလည်း နည်းလမ်းပေါင်းစုံရှာကြံပြီးတော့ ဒီနေ့ ဒီကာလမှာ တစ်ဖက်ကပြော ရမယ်ဆိုလို့ရှိရင် ပင်စင်ယူသွားတဲ့ ပင်စင်စားများဟာ ရရှိတဲ့ Gratuity၊ ပြီးတဲ့အခါမှာ ခုနက တစ်လုံးတစ်ခဲတည်းပင်စင်ကို မျှော်ပြီးလုပ်ရတဲ့ အခြေအနေမျိုးမှာ တစ်လုံးတစ်ခဲတည်းသောပင်စင် ကို ပေးစရာမလိုတော့ဘူးဆိုပြီးတော့မှ ဆုံးဖြတ်ချက်က လက်တွေ့ပြည်သူရဲ့ လိုအပ်ချက်၊ နိုင်ငံ့ရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီမှု ရှိ၊ မရှိဆိုတာကိုလည်း ကျွန်တော်တို့ ပြန်သုံးသပ်ရမယ့်အပိုင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအပိုင်းသည် ကျွန်တော်တို့ လွှတ်တော် ဥပဒေပြုအဖွဲ့များရဲ့ အဓိက တာဝန်ရှိပါတယ်လို့ လွှတ်တော်ကို ကြိုတင်တင်ပြခြင်းဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ပြဋ္ဌာန်းလိုက်မယ့် ဥပဒေများ ဆင့်ပွားဖြစ်ပေါ်လာမယ့် နည်းဥပဒေနဲ့ ဆင့်ပွားဖြစ်လာမယ့် စည်းမျဉ်းဥပဒေ၊ စည်းကမ်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လက်စွဲများသည်ပင်လျှင် ကျွန်တော်တို့ရဲ့

လိုလားချက်က ပြည်သူ့အကျိုး၊ အများအကျိုး၊ နိုင်ငံ့အကျိုးအတွက် ဖြစ်စေတာဖြစ်ရမှာဖြစ်တဲ့အတွက် ဒီအပိုင်းဟာလည်း ကျွန်တော်တို့မှာ အဓိကတာဝန်ရှိတယ်ဆိုတာတွေကို ကျွန်တော် ဒီမှာ တင်ပြခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၁း၃၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၂း၀၀**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၃ နည်းဥပဒေခွဲ (ခ) အရ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို တင်ပြရန်ဖြစ်ပါတယ်။ အစီရင်ခံစာတင်ပြဖို့ သက်ဆိုင်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းစိန်(ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ)** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို လေးစားပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။

အစီရင်ခံစာမတင်ပြခင် ကိုယ်စားလှယ်အားလုံးကို ကျွန်တော်တို့ စာအုပ်သုံးအုပ်ဝေထားပါတယ်။ ပထမစာအုပ်ကတော့ မျက်နှာဖုံးအစိမ်းနဲ့ပါ။ နောက်ဆက်တွဲ(က)နဲ့ (ဂ)ဖြစ်ပါတယ်။ ဒုတိယစာက မျက်နှာဖုံးအပြာနဲ့ပါ။ နောက်ဆက်တွဲ(ခ)ဖြစ်ပါတယ်။ တတိယစာအုပ်ကတော့ အဖုံးအစိမ်းနဲ့ပါ။ နောက်ဆက်တွဲ (ဃ) ဖြစ်ပါတယ်။ အဲ့ဒီတော့ စာအုပ်သုံးအုပ်ထဲမှာ ပထမပုံမှန်အစည်းအဝေးကနေပြီးတော့ ပဥ္စမပုံမှန်အစည်းအဝေးထိ လွှတ်တော်ထဲမှာ မေးခဲ့တဲ့ကြယ်ပွင့်ပြမေးခွန်းများ၊ လွှတ်တော်ထဲမှာ မေးတာမဟုတ်ဘဲနဲ့ စာဖြင့်မေးတဲ့ ကြယ်ပွင့်မပြမေးခွန်းများ အဲ့ဒီမေးခွန်းတွေနဲ့ပတ်သက်လို့ နောက်ဆုံးအခြေအနေထိဆောင်ရွက်ထားချက်များကို အသေးစိတ်တင်ပြ အစီရင်ခံထားတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အဆိုတွေနဲ့ပတ်သက်လို့လည်း ပထမပုံမှန်ကနေပြီးတော့ ပဥ္စမပုံမှန်အထိ အတည်ပြုခဲ့တဲ့အဆိုတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့နောက်ဆုံးအဆင့် ဝန်ကြီးဌာနတွေ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတွေ၊ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်နောက်ပြီးတော့ သမ္မတရုံး၊ အစိုးရအဖွဲ့အပါအဝင် ဖြေကြားချက်နောက်ဆုံးအခြေအနေတွေကို တင်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီစာအုပ်သုံးအုပ်ဖတ်လိုက်လို့ရှိရင် ခင်ဗျားတို့တင်ပြထားတဲ့ သက်ဆိုင်ရာအချက်အလက်တွေ အားလုံးပါဝင်ပါတယ်လို့ ကျွန်တော်ဦးစွာရှင်းပြချင်ပါတယ်။ အခုဆက်ပြီးတော့ ကျွန်တော် အစီရင်ခံစာကို ဆက်ပြီးတင်ပြသွားမှာဖြစ်ပါတယ်။ အစီရင်ခံစာကိုတင်ပြတဲ့အခါမှာ ခုနကပြောတဲ့ စာအုပ် ပထမဆုံးစာအုပ် နောက်ဆက်တွဲ(က)ဆိုတဲ့ စာအုပ်ထဲမှာ အစီရင်ခံစာပါပြီးသားဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တင်ပြသွားမှာကတော့ ဇယားတွေနဲ့ပတ်သက်လို့ရှိရင် ဇယားလိုအပ်တဲ့အပိုင်းကိုပဲ ဖတ်သွားမှာဖြစ်ပါတယ်။ အသေးစိတ်မဖတ်ပါဘူး။ ဘာလို့လဲဆိုတော့ အချိန်ကိုငဲ့ကွက်သောအားဖြင့်-

နိဒါန်း

၁။ ပြည်ထောင်စုတမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅(က)၊ ပြည်သူ့လွှတ်တော် ဥပဒေပုဒ်မ ၂၄ နှင့် ပြည်သူ့လွှတ်တော် နည်းဥပဒေ ၇၁ နှင့် ၇၃ တို့အရ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ပြည်သူ့လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းသည့်မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့်ပတ်သက်၍ နောက်တစ်ကြိမ်ကျင်းပမည့် လွှတ်တော်အစည်းအဝေးတွင် အစီရင်ခံစာတင်သွင်းရန် ပြဋ္ဌာန်းထားရှိပါတယ်။

၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများ၊ ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန် အစည်းအဝေးများတွင် ကြယ်ပွင့်ပြမေးမြန်းခဲ့သည့်မေးခွန်းများနှင့် အဆိုများ၏ မပြီးပြတ်သေးသည့် လုပ်ငန်းနှင့် တတိယပုံမှန်၊ စတုတ္ထပုံမှန်အစည်းအဝေးများတွင် ကြယ်ပွင့်မပြမေးမြန်းခဲ့သည့် မေးခွန်းများ၏ မပြီးပြတ်သေးသော လုပ်ငန်းများနှင့် စတုတ္ထပုံမှန်၊ ပဉ္စမပုံမှန်အစည်းအဝေးများတွင် ကြယ်ပွင့်မပြမေးမြန်းခဲ့သည့် မေးခွန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများမှ ဖြေကြားချက်များကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ ကော်မတီအနေဖြင့် အစီရင်ခံစာပြုစုတင်ပြရခြင်းဖြစ်ပါတယ်။

ရည်ရွယ်ချက်

၃။ ၁၈-၁၀-၂၀၁၂ ရက်နေ့မှ ၂၃-၁၁-၂၀၁၂ ရက်နေ့အထိ ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန် အစည်းအဝေးများတွင် ကြယ်ပွင့်ပြမေးမြန်းခဲ့သည့်မေးခွန်းများနှင့် အဆိုများ၏ မပြီးပြတ်သေးသည့် လုပ်ငန်းများနှင့် တတိယပုံမှန်၊ စတုတ္ထပုံမှန်စည်းအဝေးများတွင် ကြယ်ပွင့်မပြမေးမြန်းခဲ့သည့် မေးခွန်းများ၏ မပြီးပြတ်သောလုပ်ငန်းများနှင့် စတုတ္ထပုံမှန်၊ ပဉ္စမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြမေးမြန်းခဲ့သည့် မေးခွန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဆောင်ရွက်ချက်များအား ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တင်ပြရန်ဖြစ်ပါတယ်။

ကော်မတီ၏လုပ်ဆောင်ချက်

၄။ ကော်မတီအနေနဲ့ ပဉ္စမပုံမှန်အစည်းအဝေးပြီးနောက် အစီရင်ခံစာအား အောက်ပါအတိုင်း အပိုင်း ၄ ပိုင်းပြုစုတင်ပြထားပါတယ်။ အပိုင်း(၁) ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးတွင်မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများအနက် ကတိဖြစ်ခဲ့သော မေးခွန်းများ၊ အတည်ပြုခဲ့သော အဆိုများနှင့်ပတ်သက်၍ ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ဖြေကြားချက်များ။ အပိုင်း(၂) ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန်အစည်းအဝေးများတွင် ကတိဖြစ်ခဲ့သော မေးခွန်းများ၊ အတည်ပြုခဲ့သော အဆိုများနှင့်ပတ်သက်၍ မပြီးပြတ်သေးသည့် လုပ်ငန်းများအား ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ဖြေကြားချက်။ အပိုင်း (၃)

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်နှင့် စတုတ္ထပုံမှန်အစည်းအဝေးများတွင် ကြယ်ပွင့်မပြ မေးခွန်းများအနက် ကတိဖြစ်ခဲ့သောမေးခွန်းများနှင့်ပတ်သက်၍ မပြီးပြတ်သေးသော လုပ်ငန်းများကို ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ဖြေကြားချက်များ။ အပိုင်း(၄) ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်နှင့် ပဥ္စမပုံမှန်အစည်းအဝေးများတွင် ကြယ်ပွင့်မပြမေးခွန်းများအနက် ကတိဖြစ်ခဲ့သော မေးခွန်းများနှင့် ပတ်သက်၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ဖြေကြားချက်များ။

၅။ အပိုင်း(၁) ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများအနက် ကတိဖြစ်ခဲ့သောမေးခွန်းများ၊ အတည်ပြုခဲ့သောအဆိုများနှင့် ပတ်သက်၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ဖြေကြားချက်များ (က)၁၈-၁၀-၂၀၁၂ ရက်နေ့မှ၂၃-၁၁-၂၀၁၂ ရက်နေ့အထိ ကြယ်ပွင့်ပြမေးခွန်း ၈၆ ခု အနက် ၂၈ ခုမှာ အောက်ပါအတိုင်း ကတိဖြစ်ခဲ့ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန ၄ ခု၊ နယ်စပ်ရေးရာဝန်ကြီးဌာန ၁ ခု၊ ပြန်ကြားရေးဝန်ကြီးဌာန ၁ ခု၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၄ ခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ၄ ခု၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၁ ခု၊ ဆယ်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ၂ ခု၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ၁ ခု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ၁ ခု၊ အားကစားဝန်ကြီးဌာန ၂ ခု၊ ပညာရေးဝန်ကြီးဌာန ၂ ခု၊ ကျန်းမာရေးဝန်ကြီးဌာန ၄ ခု၊ အားလုံးစုစုပေါင်း ၂၈ ခုဖြစ်ပါတယ်။ ပဥ္စမပုံမှန်အစည်းအဝေးတွင် အဆို ၂၂ ခုတင်သွင်းခဲ့ပြီး ၇ ခုအတည်ဖြစ်ခဲ့ပြီး လွှတ်တော်မှစောင့်ကြည့်ရန် ၆ ခု ဖြစ်ပေါ်ခဲ့ပါတယ်။ ၎င်းတို့ကို ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ အောက်ပါအတိုင်း ဖြေကြားခဲ့ပါတယ်။ သမ္မတရုံး ၁ ခု၊ ကာကွယ်ရေးဝန်ကြီးဌာန ၁ ခု၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၁ ခု၊ ပညာရေးဝန်ကြီးဌာန ၃ ခု၊ ကျန်းမာရေးဝန်ကြီးဌာန ၁ ခု၊ စုစုပေါင်း ၇ ခု ဖြစ်ပါတယ်။ ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန်အစည်းအဝေးများတွင် ကြယ်ပွင့်ပြမေးခွန်းပေါင်း ၆၇၁ ခု ရှိတဲ့အနက် ၃၂၄ ခု ကတိဖြစ်ခဲ့ပါတယ်။ ၎င်းတို့အနက် ၂၀-၁၂-၂၀၁၂ ရက်နေ့အထိ ပြီးပြတ်သော လုပ်ငန်း ၁၇၁ ခုရှိပြီး မပြီးပြတ်ဘဲနဲ့ ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်း ၁၅၃ ခုကျန်ရှိပါတယ်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန ၁ ခု၊ နယ်စပ်ရေးရာဝန်ကြီးဌာန ၇ ခု၊ ပြန်ကြားရေးဝန်ကြီးဌာန ၂ ခု၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၂၃ ခု၊ စက်မှုဝန်ကြီးဌာန ၂ ခု၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၅ ခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ၅၈ ခု၊ ဘဏ္ဍာရေးနှင့်

အခွန်ဝန်ကြီးဌာန ၂ ခု၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၂ ခု၊ ပို့ဆောင်ရေးဝန်ကြီးဌာန ၇ ခု၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ၈ ခု၊ စွမ်းအင်ဝန်ကြီးဌာန ၁ ခု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ၁ ခု၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၁၃ ခု၊ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ၁ ခု၊ အားကစားဝန်ကြီးဌာန ၁ ခု၊ ပညာရေးဝန်ကြီးဌာန ၇ ခု၊ ကျန်းမာရေးဝန်ကြီးဌာန ၁၂ ခု၊ စုစုပေါင်း ၁၅၃ ခုဖြစ်ပါတယ်။ ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သော အဆိုပေါင်း ၁၁၈ ခု ရှိတဲ့အနက် ၅၃ ခု အတည်ပြုခဲ့ပါတယ်။ ၎င်းတို့အနက် ၂၀-၁၂-၂၀၁၂ ရက်နေ့အထိ ပြီးပြတ်သော လုပ်ငန်း ၂၀ ခုရှိပြီး မပြီးပြတ်သေးသည့် ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်း ၃၃ ခုကျန်ရှိပါတယ်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၅ ခု၊ ပြည်ထဲရေးဝန်ကြီးဌာန ၃ ခု၊ ပြန်ကြားရေးဝန်ကြီးဌာန ၁ ခု၊ ယဉ်ကျေးမှုဝန်ကြီးဌာန ၁ ခု၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၁ ခု၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ၇ ခု၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၁ ခု၊ ပို့ဆောင်ရေးဝန်ကြီးဌာန ၁ ခု၊ စွမ်းအင်ဝန်ကြီးဌာန ၁ ခု၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ၂ ခု၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၂ ခု၊ အားကစားဝန်ကြီးဌာန ၁ ခု၊ ကျန်းမာရေးဝန်ကြီးဌာန ၃ ခု၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ၃ ခု၊ စုစုပေါင်း ၃၃ ခုဖြစ်ပါတယ်။ အပိုင်း(၃) ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်နှင့် စတုတ္ထပုံမှန်အစည်းအဝေးများတွင် ကြယ်ပွင့်မပြမေးခွန်းများအနက် ကတိဖြစ်ခဲ့သော မေးခွန်းများနှင့်ပတ်သက်၍ မပြီးပြတ်သေးသောလုပ်ငန်းများကို ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ဖြေကြားချက်များ ၉၁ ခု ရှိပါ သည်။ ၎င်း ၉၁ ခုကို နောက်ဆက်တွဲ (ဂ) အဖြစ် တင်ပြထားပါတယ်။ ခုနက စာအုပ်ထဲမှာပါပြီးသား ဖြစ်ပါတယ်။

အပိုင်း(၄) ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်နှင့် ပဉ္စမပုံမှန်အစည်းအဝေးများတွင် ကြယ်ပွင့်မပြမေးခွန်းများအနက် ကတိဖြစ်ခဲ့သော မေးခွန်းများနှင့်ပတ်သက်၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ဖြေကြားချက်အားလုံး မေးခွန်းပေါင်းက ၅၁၆ ခုကနေ ၂၇၀ ခု ရှိပါတယ်။ အဲဒီ ၂၇၀ ရဲ့ ဇယားနဲ့တင်ပြထားပြီးဖြစ်ပါတယ်။ ဖြေကြားချက်အသေးစိတ်ကိုတော့ နောက်ဆက်တွဲ (ဃ) ဖြင့် တင်ပြထားပါတယ်။

ကော်မတီ၏ဆောင်ရွက်ချက်

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် စတုတ္ထပုံမှန်အစည်းအဝေးမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများအတွက် ပုံမှန်အစီရင်ခံစာ၊ ပထမပုံမှန်မှ တတိယပုံမှန်တို့တွင် ကြယ်ပွင့်မပြမေးမြန်းခဲ့သည့် လုပ်ငန်းများအစီရင်ခံစာကို အပိုင်း ၃ ပိုင်းဖြင့် ပြုစုတင်ပြခဲ့ပြီးဖြစ်ပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန် အစည်းအဝေးများတွင် ကြယ်ပွင့်ပြမေးမြန်းခဲ့သည့်မေးခွန်းများ၏ မပြီးပြတ်သေးသော လုပ်ငန်းများနှင့် စတုတ္ထပုံမှန်၊ ပဥ္စမပုံမှန်အစည်းအဝေးကာလတွင် ကြယ်ပွင့်မပြ မေးခွန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ဖြေကြားချက်များကို အပိုင်း ၄ ပိုင်းဖြင့်တင်ပြထားပါတယ်။

၁၁။ စတုတ္ထပုံမှန်အစည်းတွင် လွှတ်တော်ကိုယ်စားလှယ် ၂ ဦးမှ ကြယ်ပွင့်မပြမေးခွန်းများကို ကော်မတီအနေဖြင့် အစီရင်ခံတင်ပြရန်ဆွေးနွေးခဲ့ကြပါတယ်။ ကော်မတီအနေဖြင့် တတိယပုံမှန် အစည်းအဝေးမှစ၍ ပဥ္စမပုံမှန်အစည်းအဝေးကာလအထိ ကြယ်ပွင့်မပြမေးခွန်းပေါင်း ၈၁၅ ခု မေးမြန်းခဲ့ပြီး ၃၈၉ ခု ကတိဖြစ်ခဲ့ပါသည်။ ၎င်းတို့မှာ တတိယပုံမှန်၊ စတုတ္ထပုံမှန်အစည်းအဝေးတို့တွင် ကတိဖြစ်ခဲ့သော မေးခွန်းပေါင်း ၁၁၉ ခုအနက် ၂၈ ခုပြီးပြတ်၍ ၉၁ ခုကျန်ပါတယ်။ စတုတ္ထပုံမှန်၊ ပဥ္စမပုံမှန်အစည်းအဝေးများတွင် မေးခွန်း ၅၁၆ ခု မေးမြန်းခဲ့ပြီး ၂၇၀ ခုကတိဖြစ်ခဲ့ပါတယ်။ ၎င်းတို့ကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများ၏ ဖြေကြားချက်များနောက်ဆုံး အခြေအနေကို ပြုစုတင်ပြထားပါတယ်။

၁၂။ ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန်အစည်းအဝေးများတွင် ကတိဖြစ်ခဲ့သော မေးခွန်းများ၊ အတည်ပြုခဲ့သော အဆိုများအနက် မပြီးပြတ်သေးသည့် လုပ်ငန်းများကို ၇-၁၂-၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ကော်မတီအနေဖြင့် တင်ပြခဲ့ပြီးဖြစ်ပါတယ်။

၁၃။ ကော်မတီအနေဖြင့် ပထမပုံမှန်အစည်းအဝေးမှ ပဥ္စမပုံမှန်အစည်းအဝေးထိ မေးခွန်းများ၊ ကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြ၊ အဆိုများဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့်ပတ်သက်၍ ၂၀-၁၂-၂၀၁၂ ရက်နေ့ (I-3) ရေးရာဆောင်မှာ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ကိုယ်စားလှယ်

များကိုခေါ်ယူညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၈-၁၂-၂၀၁၂ ရက်နေ့အရောက် ဖြေကြားချက်များ တောင်းခံပြီး အစီရင်ခံစာပြုစုခဲ့ခြင်းဖြစ်ပါတယ်။

ကော်မတီ၏တွေ့ရှိသုံးသပ်ချက်

၁၄။ ကတိဖြစ်ခဲ့သော မေးခွန်းများနှင့် ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများ၏ ဖြေကြားချက်များကို လေ့လာရာတွင် ဘတ်ဂျက်တောင်းခံ၍ ဘတ်ဂျက်ရရှိပါက ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဖြေကြားချက်မှာ အများဆုံးဖြစ်ပါတယ်။ အတည်ပြုခဲ့သောအဆိုများနှင့် ပတ်သက်၍ ဥပဒေကြမ်းနှင့် ရေးဆွဲရန်ကျန်သည့်လုပ်ငန်းမှာ အများဆုံးဖြစ်ပါသည်။

၁၅။ လုပ်ငန်းလက်ကျန်များကို ဆန်းစစ်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့တွင် အစီအစဉ်အတိုင်း လုပ်ငန်းလက်ကျန်အများဆုံး ဖြစ်ကြပါတယ်။ ကော်မတီအနေဖြင့် အစည်းအဝေးတစ်ခုနှင့်တစ်ခုအကြား မပြီးပြတ်သေးသော လုပ်ငန်းများနှင့် လုပ်ငန်းသစ်များ တိုးတက်ဆောင်ရွက်မှုများကို အဆက်မပြတ် ညှိနှိုင်းတောင်းခံပြီးဆောင်ရွက်လျက် ရှိပါတယ်။

၁၆။ လွှတ်တော်အစည်းအဝေးများ ဆက်တိုက်ကျင်းပခဲ့ပြီး စီမံကိန်းများဖြင့် ဘတ်ဂျက်ကိစ္စများကို အချိန်ယူဆွေးနွေးမှုများ ပြုလုပ်ရပါသဖြင့် ပဉ္စမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းအရေအတွက် နည်းပါးသည်ကို တွေ့ရပါသည်။ သို့သော် ကြယ်ပွင့်မပြမေးခွန်းများ များပြားလာသည်ကို တွေ့ရှိရပါသည်။ ကော်မတီအနေဖြင့် မပြီးပြတ်သေး သောလုပ်ငန်းများ ပိုမိုများလာသဖြင့် စနစ်တကျမှတ်တမ်းတင် ပြုစုဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

နိဂုံး

၁၇။ ပြည်သူ့လွှတ်တော် အစည်းအဝေးများကို ၃၁-၁-၂၀၁၁ မှစတင်ကျင်းပခဲ့ရာ ၂၃-၁၁-၂၀၁၂ ရက်နေ့အထိ ပဉ္စမပုံမှန်အစည်းအဝေးကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါတယ်။ အစည်းအဝေး ၅ ကြိမ်ကျင်းပ ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့ဆန္ဒအမှန်တကယ်လိုအပ်ချက်များကို မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းတို့ကို ပြုလုပ်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များမှ မေးခွန်း

များမေးမြန်းရာတွင် မိမိတို့မဲဆန္ဒနယ်မြေအလိုက် အမှန်တကယ်လိုအပ်ချက်များ၊ တစ်နိုင်ငံလုံးနှင့် ပတ်သက်သည့်လိုအပ်ချက်များကို နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးရန်တင်ပြခဲ့ကြသည်များဖြစ်ပါတယ်။ ကိုယ်စားလှယ်များရဲ့ တင်ပြချက်များသည် ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုလားချက်များ ဖြစ်ပါတယ်။ အဆိုပါတင်ပြချက်များနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတဦးစီးသည့် အစိုးရအဖွဲ့ကို နောက်ဆုံးအခြေအနေအထိ သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ပြီးစီးမှုများကို တောင်းခံပြီး ပြုစုတင်ပြခဲ့ခြင်းဖြစ်ပါတယ်။ လွှတ်တော်များသည် အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် တရားစီရင်ရေးဆိုင်ရာဆောင်ရွက်ချက်များကို မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းတို့ဖြင့် အချင်းချင်းအပြန်အလှန်ညှိနှိုင်းပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုလေးစားပါတယ်။ (သြဘာသံများ)

## အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် သို့မဟုတ် ၂၃ ရက်အစည်းအဝေးမှာ ဆွေးနွေးအတည်ပြုမှာဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် ၁၃း၀၀ နာရီအရောက် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ဖြစ်ပါတယ်။ ဦးစွာအမည်စာရင်းပေးပို့သူ ၃ ဦးကိုသာ ဆွေးနွေးရမှာဖြစ်ကြောင်း ကြိုတင်အသိပေးပါတယ်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ (ခ)အရ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော်ကို တင်သွင်းလာတဲ့ တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်မှာ ဥပဒေကြမ်းကော်မတီ ရဲ့ စိစစ်တွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်ခင်ဗျား။

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြင်ဆင်ရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသည့် တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ (က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးရန် ပေးပို့လာပါသည်။

၂။ ၁၉၀၈ ခုနှစ် အိန္ဒိယအက်ဥပဒေ ၅ အရ အတည်ပြုပြဋ္ဌာန်းခဲ့သော တရားမကျင့်ထုံးဥပဒေကို ၁၉၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြင်ဆင်သည့် ယင်းဥပဒေ၌ အခန်း ၁၁ ခန်း ပုဒ်မပေါင်း ၁၅၃ ခု ပါရှိပြီး လွှတ်တော်သို့ တင်သွင်းလာသည့် တရားမကျင့်ထုံး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မ ၂၁ ခုဖြင့် စကားရပ်များ အစားထိုးပြင်ဆင်ထားသည်ကို လေ့လာတွေ့ရှိရ ပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို လေ့လာစိစစ်နိုင်ရန် ၁၄-၁-၂၀၁၃ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ဥပဒေကြမ်းများစိစစ်ရာတွင် အခြေခံ ရမည့်မူအချက် ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ကြပါသည်။

၄။ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် စကားရပ်ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂၁ ခု ပါရှိပါသည်။ ယင်းဥပဒေပုဒ်မတစ်ခုချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ခေါင်းစဉ်အား ဤဥပဒေကို တရားမကျင့်ထုံး ဥပဒေကိုပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) မူလတရားမကျင့်ထုံးဥပဒေ အပိုဒ် ၂ အပိုဒ်ခွဲ(၄) အဖြစ် district means the local limits of the jurisdiction of a principal civil Court of original jurisdiction (hereinafter called a District Court), and includes the local limits of the ordinary original civil jurisdiction of the High Court; ဟူသည့်စကားရပ်အစား district means the local limits of the jurisdiction of a principal Court of original civil jurisdiction (hereinafter called a District Court), and includes the local limits of ordinary original civil jurisdiction of the Court of the Self-Administered Division or the Court of the Self-Administered Zone; ဟုအစားထိုးခြင်း ဖြစ်ပါတယ်ခင်ဗျား။

(၃) မူလတရားမကျင့်ထုံးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(၄) ၏နောက်တွင် ပုဒ်မ ၂ ပုဒ်မခွဲ ၄ (က) အဖြစ် civil Court means Court of civil jurisdiction; ဟုဖြည့်စွက်ခြင်း ဖြစ်ပါသည်။

(၄) မူလဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (၁၅)၊ မူလဥပဒေ ပုဒ်မ ၁၀၃၊ မူလဥပဒေ ပုဒ်မ ၁၀၉ ပုဒ်မခွဲ (က)၊ (ခ)နှင့် မူလဥပဒေ ပုဒ်မ ၁၁၁ ပုဒ်မခွဲ (က)၊ မူလဥပဒေပုဒ်မ၏ နဝမပိုင်းခေါင်းစဉ် တို့အပြင် မူလဥပဒေပုဒ်မ ၁၁၇၊ ၁၁၈၊ ၁၂၀ တို့၌ပါရှိသော the High Court ဟူသည့် စကားရပ်အစား the High Court of the Region or the High Court of the State ဟု အစားထိုးပြင်ဆင်ခြင်း ဖြစ်ပါသည်။

(၅) မူလပုဒ်မ ၂ ပုဒ်မခွဲ (၁၇) ပုဒ်မခွဲငယ် (ခ)အဖြစ် every gazetted officer and the superior officer of Civil Services; ဟု ပြင်ဆင်ပါသည်။ မူလပုဒ်မ ၂ ပုဒ်မခွဲ (၁၇) ပုဒ်မခွဲငယ် (ဂ)အဖြစ် every commissioned or gazetted officer of Defence Services; ဟု အစားထိုးပြင်ဆင်ပါသည်။

(၆) မူလဥပဒေ ပုဒ်မ ၃ အဖြစ် the High Court of the Region or the High Court of the State ဟု အစားထိုးပြင်ဆင်ပါသည်။ မူလဥပဒေ ပုဒ်မ ၃ တွင်ပါရှိသော and every Court of Small causes အား ပယ်ဖျက်ပါသည်။

(၇) မူလဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (၂)အား the High Court of the Region or the High Court of the State ဟု ပြင်ဆင်ပါသည်။ မူလဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (၂)၌ ပုဒ်မ ၃

အဖြစ် အစားထိုးဖြည့်သွင်းပါသည်။ Where such Courts are different High Courts of the Region or the High Court of the State, the application shall be made to the Supreme Court of the Union ဟု ဖြည့်စွက်ပါသည်။

(၈) ပုဒ်မ ၂၄ ပုဒ်မခွဲ(၁) ၌ ပါရှိသော စကားရပ်အစား the Supreme Court of the Union ဟု လည်းကောင်း၊ the High Court of the Region or the High Court of the State လည်းကောင်း ပြင်ဆင်ပါသည်။

(၉) မူလပုဒ်မ ၃၅ (က) ပုဒ်မခွဲ (၂) အား 1,000,000 Kyats ဟု လည်းကောင်း၊ မူလပုဒ်မ ၃၅ (က) ပုဒ်မခွဲ (၂) အား the Supreme Court of the Union ဟု လည်းကောင်း အစားထိုးပြင်ဆင် ပါသည်။

(၁၀) မူလပုဒ်မ ၈၀ ပုဒ်မခွဲ (က)နှင့် မူလပုဒ်မ ၈၃ ပုဒ်မခွဲ (၂) ၊ မူလပုဒ်မ ၈၆ ပုဒ်မခွဲ (၁) ပါ စာသားများအား a Secretary to the Union Government ဟု အစားထိုး ပြင်ဆင် ပါသည်။

(၁၁) မူလပုဒ်မ ၁၀၀ ပုဒ်မခွဲ (၁) ပါ စာသားကိုလည်းကောင်း၊ မူလပုဒ်မ ၁၀၀ ပုဒ်မခွဲ(၁) ပါ စာသားကိုလည်းကောင်း၊ မူလပုဒ်မ ၁၀၀ ပုဒ်မခွဲ(၁) ပုဒ်မခွဲငယ် (ဃ)ကိုလည်းကောင်း အောက်ပါအတိုင်းပြင်ဆင်ပါသည်။ the High Court of the Region or the High Court of the State ဟူ၍ လည်းကောင်း၊ any Court Subordinate to the High Court of the Region or the High Court of the State ဟုလည်းကောင်း၊ 2,000,000 Kyats ဟူသည့်စကားရပ်အစား 1,000,000 Kyats ဟု ပြင်ဆင်ပါသည်။

(၁၂) မူလဥပဒေပုဒ်မ ၁၀၂၊ ၁၁၄ ပုဒ်မခွဲ (ဂ)တို့အား ပယ်ဖျက်မည်ဟု ပြင်ဆင်ပါသည်။

(၁၃) မူလဥပဒေပုဒ်မ ၁၀၆ အစား the High Court of the Region or the High Court of the State ဟု ပြင်ဆင်ပါသည်။

(၁၄) မူလဥပဒေပုဒ်မ ၁၁၀ အား 10,000,000 kyats ဟု ပြင်ဆင်ပါသည်။

(၁၅) မူလဥပဒေပုဒ်မ ၁၁၃၊ ၁၁၉၊ ၁၂၂၊ ၁၂၄၊ ၁၂၉ နှင့် မူလပုဒ်မ ၁၃၃ ပုဒ်မခွဲ (၂) ပါ စာသားများအား the Supreme Court of the Union ဟု ပြင်ဆင်ပါသည်။

(၁၆) မူလဥပဒေပုဒ်မ ၁၁၅ တွင်လည်းကောင်း၊ ၁၁၅ ပါ ခြွင်းချက်များကိုလည်းကောင်း အောက်ပါအတိုင်းပြင်ဆင်ပါသည်။ the Supreme Court of the Union, the High Court of the Region or the High Court of the State, Provided that no application to the Supreme Court of the Union shall be made to revise the order of the High Court of the Region or the High Court of the State in the exercise of its revisional jurisdiction passed against the order of any subordinate Court to the High Court of the Region or the High Court of the State in revision ဟု ပြင်ဆင်ပါသည်။

လေးစားအပ်သော လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မူလဥပဒေကြမ်းရဲ့ ဖြန့်ဝေထားတဲ့ ပြင်ဆင်ချက်မှာ ဒီထက်ပိုပြီးတော့ ပြင်ဆင်ထားတဲ့စာသားတွေ ပါရှိပါတယ်။ တရားလွှတ်တော်ချုပ်ရဲ့ ထပ်မံပြင်ဆင်ချက်အရ ကျွန်တော်တင်ပြတဲ့အပိုဒ်ထိသာ ပြင်ဆင်မှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ကို လွှတ်တော်သို့ ပြန်လည်ဖြန့်ဝေမှာ ဖြစ်ပါတယ်။

(၁၆) မူလဥပဒေပုဒ်မ ၁၁၅ ဒုတိယခြွင်းချက်အား ပယ်ဖျက်ရန် ဖြစ်ပါတယ်။ မူလဥပဒေပုဒ်မ ၁၂၃ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (က)တွင် at Nay Pyi Taw ဟု အစားထိုးပြင်ဆင်ပါမယ်။ မူလဥပဒေပုဒ်မ ၁၂၃ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (က)တွင် three Judges of the Supreme Court of the Union ဟု ပြင်ဆင်ပါတယ်။

(၁၇) မူလဥပဒေပုဒ်မ ၁၂၃ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (ခ)တွင် two Judges of the High Court of the Region or the High Court of the State ဟု ပြင်ဆင်ပါတယ်။ မူလဥပဒေပုဒ်မ ၁၂၃ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (ဂ)တွင် two advocates who have practised as advocates for at least 10 years ဟု ပြင်ဆင်ပါတယ်။ မူလဥပဒေပုဒ်မ ၁၂၃ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (ဃ) ကို ပယ်ဖျက်ရန် ဖြစ်ပါတယ်။ မူလဥပဒေပုဒ်မ ၁၂၃ ပုဒ်မခွဲ (၃)၏ ခြွင်းချက်၊ ပုဒ်မခွဲ(၄)၊ (၅) တို့အား of the Union ဟု ဖြည့်စွက်ပါတယ်။ မူလဥပဒေပုဒ်မ ၁၂၃ ပုဒ်မခွဲ (၃)၏ ခြွင်းချက်အား of the Supreme Court of the Union ဟု ဖြည့်စွက်ပါတယ်။

(၁၈) မူလပုဒ်မ ၁၂၆ တွင် The Supreme Court of the Union shall distribute and submit the rules made under the foregoing provisions to its representative at the nearest regular session of the Pyidaungsu Hluttaw with the permitted arrangement of the Speaker of the Hluttaw ဟု အစားထိုးဖြည့်စွက် ပါတယ်။

(၁၉) မူလဥပဒေပုဒ်မ ၁၃၆ ပုဒ်မခွဲ(၄) အား the High Court of the Region or the High Court of the State ဟု ပြင်ဆင်ပါတယ်။ မူလဥပဒေ ၁၃၆ ပုဒ်မခွဲ (၄) အား Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court ဟု လည်းကောင်း၊ မူလဥပဒေ ၁၃၆ ပုဒ်မခွဲ (၄) အား according to the procedure provided in the foregoing provisions of sub-section (2) and (3) ဟု အစားထိုးပြင်ဆင်ပါတယ်။

(၂၀) ပုဒ်မ ၁၃၇ ပုဒ်မခွဲ(၁) အား The Language of the Supreme Court of the Union and any Court subordinate to the Supreme Court of the Union shall be Myanmar language ဟု အစားထိုးပြင်ဆင်ပါတယ်။ ပုဒ်မ ၁၃၇ ပုဒ်မခွဲ (၂) အဖြစ် The application to and proceeding in such Courts shall be written in Myanmar language ဟု ပြင်ဆင်ပါတယ်။

(၂၁) မူလဥပဒေပုဒ်မ ၁၃၉ (ခ) အား the Supreme Court of the Union, the High Court of the Region or the High Court of the State ဟု ပြင်ဆင်ပါတယ်။

၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ရေးဆွဲတင်ပြလာသည့် ဥပဒေကြမ်းတွင် ခေတ်ကာလနှင့်လျော်ညီစေရန် စကားရပ်များပြင်ဆင်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဤဥပဒေကြမ်းကို လွှတ်တော်သို့ စတင်တင်သွင်းချိန်မှ စပြီး ဖြန့်ဝေခဲ့သည့်အစား ပြင်ဆင်ချက်များကို တောင်းခံခဲ့ပြီး ဖြစ်ပါတယ်။

၆။ သို့ဖြစ်ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ရေးဆွဲတင်ပြလာသည့် တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၄၄ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၄၅ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ကြိဘာသံများ)

## တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့မှာ မြန်မာ့ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ထိုစဉ်က လုပ်ငန်းမြန်ဆန်လွယ်ကူစေရန်အတွက် ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲအလိုက် အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၃၁-၁၂-၂၀၁၂ ရက်နေ့ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ဒီနေ့ထိ ပြင်ဆင်ဆွေးနွေးချက်ပေးပို့သူ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါကြောင့်မို့ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အစီရင်ခံတင်ပြမှုသာ ဒီအစီရင်ခံစာအပေါ် လွှတ်တော်ရဲ့ သဘောထား အဆုံးအဖြတ်ရယူသွားမှာ ဖြစ်ပါတယ်။ ဒီလိုမတိုင်ခင် သက်ဆိုင်ရာ တရားလွှတ်တော်ချုပ်ကိုယ်စားလှယ်က တင်ပြရန်ရှိက တင်ပြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဖတ်ကြားရှင်းလင်းသွားတဲ့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသွားတဲ့ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ပြင်ဆင်ချက်တစ်စုံတစ်ရာမရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်မှာ ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်း လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ကြိဘာသံများ)

**ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန်မဲဆန္ဒနယ်က ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် ကချင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော KIO/KIA နှင့်အစိုးရတပ်များအကြား ပစ်ခတ်တိုက်ခိုက်မှုများအားချက်ချင်းရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အမြန်ဆုံးစတင်ဆောင်ရွက်ကြရန် ပြည်သူ့လွှတ်တော်မှ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းကို လွှတ်တော်မှအတည်ပြုရေးအရေးကြီးအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန်မဲဆန္ဒနယ်က ဥက္ကဋ္ဌထံ စာဖြင့်ရေးသား လက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်အဖြစ် တင်ပြလာပါတယ်။ ဒီအဆိုကို တင်သွင်းဖို့ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ ဒီနေ့အစည်းအဝေးသို့တက်ရောက်လာတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်မကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူဖြစ်ပါတယ်။ ဒီကနေ့ ကျွန်မကို အရေးကြီးအဆိုတင်သွင်းခွင့်ပေးတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ ကျွန်မအနေနဲ့ ကချင်ပြည်နယ်မှာ ဖြစ်ပေါ်နေတဲ့ ပစ်ခတ်တိုက်ခိုက်မှုများနှင့်ပတ်သက်ပြီးတော့ ကျွန်မအနေနဲ့ အရေးကြီးအဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီကိစ္စဟာဆိုလို့ရှိရင် ကျွန်မတို့ကချင်ပြည်နယ်ပြည်သူလူထုအပါအဝင် မြန်မာတစ်နိုင်ငံလုံးမှာရှိနေတဲ့ ပြည်သူလူထုများ အထူးစိုးရိမ်ကြောင့်ကြရတဲ့ ကိစ္စရပ်ဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ အရေးကြီးအဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။ ကျွန်မတို့ ကချင်ပြည်နယ်မှာ ၂၀၁၁ ခုနှစ် ဇွန်လကစတင်ပြီးတော့ အစိုးရတပ်များနှင့် KIO/KIA တို့အကြားမှာဖြစ်ပွားနေတဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေကြောင့် ဒေသခံပြည်သူလူထုများစွာဟာ ဒုက္ခဆင်းရဲအတိတွေ့ကြုံနေကြရပါတယ်။ ဒါ့အပြင် တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူလူထုအပေါင်းလည်း စိတ်မချမ်းသာမှုတွေ၊ စိုးရိမ်ကြောင့်ကြမှုတွေနေ့စဉ်နှင့်အမျှ ခံစားနေကြရပါတယ်။ ဒီကချင်ပြည်နယ် အရေးဟာဆိုလို့ရှိရင်လည်း မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလမ်းကြောင်း တိုးတက်ဖြစ်ထွန်းမှုမှာ များစွာအနှောင့်အယှက်ဖြစ်သလို ပြည်သူလူထုတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာမှာလည်း ကြီးမားတဲ့အနှောင့်အယှက်တစ်ရပ်ဖြစ်နေပါတယ်။ ဒါ့အပြင် ဒီလိုပစ်ခတ်တိုက်ခိုက်မှုများဟာဆိုလို့ရှိရင် ပြည်တွင်းမှာ ဖြစ်ပွားနေတဲ့ တိုင်းရင်းသားအချင်းချင်းမှာဖြစ်ပွားနေတဲ့ တိုက်ခိုက်မှုတွေဖြစ်တဲ့အတွက် ကျွန်မတို့

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း များစွာထိခိုက်စေပါတယ်။ ယနေ့ ကျွန်မတို့ ဒီအခြေအနေ ပေါ်မှာ ပြည်သူလူထုအတွင်းမှာရော၊ သမ္မတကြီးနဲ့ အစိုးရအတွင်းမှာရော၊ လက်နက်ကိုင် တိုင်းရင်းသားအတွင်းမှာရော အားလုံးကိုလေ့လာကြည့်တဲ့အခါမှာ သမ္မတကြီးနဲ့ အစိုးရအဖွဲ့ကလည်း ငြိမ်းချမ်းရေးကိုလိုလားတဲ့အတွက် ငြိမ်းချမ်းရေးအတွက် အထူးအလေးထားပြီးတော့ဆောင်ရွက် နေပါတယ်။ ဒါ့အပြင် လက်နက်ကိုင်တိုင်းရင်းသားများဟာ ဆိုလို့ရှိရင်လည်း ငြိမ်းချမ်းရေးအတွက် အားလုံးလက်တွဲဆောင်ရွက်နေကြပါတယ်။ ဒါ့အပြင် လက်ရှိပစ်ခတ်တိုက်ခိုက်မှုရှိနေဆဲဖြစ်တဲ့ ကချင်ပြည်နယ်မှာလည်း KIO/KIA ဘက်ကနေ ငြိမ်းချမ်းရေးကို လိုလားတယ်။ တိုင်းရင်းသားအားလုံး တန်းတူညီမျှမှုကို လိုလားတဲ့အတွက် ခုအချိန်အထိ ငြိမ်းချမ်းရေးကိစ္စရပ်များကို ဆွေးနွေးလျက်ရှိတယ် ဆိုတာကို ကျွန်မတို့တွေ့ရှိရပါတယ်။ ကျွန်မတို့ဆီမှာ ပြည်သူလူထုတစ်ရပ်လုံးကလည်း ငြိမ်းချမ်းရေးကို အထူးလိုလားပါတယ်။ ပစ်ခတ်မှုတွေရပ်ဆဲပြီး နိုင်ငံတော်နဲ့ ပြည်သူလူထုတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက် ဖို့အတွက် လက်တွဲဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် ဒီကနေ့ အစိုးရအပိုင်း၊ လွှတ်တော်အပိုင်း၊ တပ်မတော်အပိုင်း လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးဟာ ပြည်သူလူထုတစ်ရပ်လုံး နှင့် လက်တွဲပြီးတော့မှ နိုင်ငံတော်နှင့် ပြည်သူလူထုတိုးတက်ဖွံ့ဖြိုးဖို့အတွက် အတူလက်တွဲပြီးတော့ ဆောင်ရွက်နေဖို့ အချိန်တန်ပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ ဒီအရေးကြီးအဆိုကို တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်မတင်သွင်းတဲ့အရေးကြီးအဆိုကတော့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် ကချင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော KIO/KIA နှင့်အစိုးရတပ်များအကြား ပစ်ခတ်တိုက်ခိုက်မှု များအား ချက်ချင်းရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အမြန်ဆုံးစတင်ဆောင်ရွက်ကြရန် ပြည်သူ့ လွှတ်တော်မှ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဤလွှတ်တော်မှအတည်ပြုရေးဆိုတဲ့ အရေးကြီးအဆိုကို ကျွန်မအနေနဲ့ လေးလေးစားစား တင်သွင်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုတင်သွင်းသွားတဲ့ ဒေါ်ဒွဲဘူတင်ပြ သလို နိုင်ငံတော်အတွင်းမှာမှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူအားလုံးက ငြိမ်းချမ်းမှုကို လိုလားတောင့်တလျက်ရှိပါတယ်။ ဒါကြောင့် ငြိမ်းချမ်းမှုရရှိရေးအတွက် မဖြစ်မနေလိုအပ်တာက အချင်းချင်းအပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းဖို့ဆိုတဲ့တင်ပြချက်က အင်မတန်မှန်တဲ့ တင်ပြချက်အဆိုဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီအဆိုကို ကျွန်တော့်အနေနဲ့ လက်ခံပြီးတော့ လွှတ်တော် ကိုတင်ပြဖို့ ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ဒီအဆိုဟာအရေးကြီးသလို အင်မတန်ကောင်းမွန်မှန်ကန်တဲ့

အဆိုဖြစ်တဲ့အတွက် သီးခြားထပ်မံဆွေးနွေးဖို့ ဖိတ်ခေါ်မှုမပြုတော့ဘဲနဲ့ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ကိုတစ်ခါတည်း ရယူသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဒေါ်ဒွဲဘူတင်သွင်းတဲ့ အဆိုဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် ကချင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော KIO/KIA နှင့်အစိုးရတပ်များအကြား ပစ်ခတ်တိုက်ခိုက်မှုများအား ချက်ချင်းရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အမြန်ဆုံးစတင်ဆောင်ရွက်ကြရန် ပြည်သူ့လွှတ်တော်မှ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းကို လွှတ်တော်မှ အတည်ပြုရေးအဆိုကို လွှတ်တော်မှသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ဒွဲဘူတင်သွင်းတဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် ကချင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော KIO/KIA နှင့်အစိုးရတပ်များအကြား ပစ်ခတ်တိုက်ခိုက်မှုများအားချက်ချင်းရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အမြန်ဆုံးစတင်ဆောင်ရွက်ကြရန် ပြည်သူ့လွှတ်တော်မှ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းကို လွှတ်တော်မှ အတည်ပြုရေးအဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် (တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၄၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၂း၄၅ နာရီတွင် ရပ်နားပါသည်။ ]